စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ထုတ်ဝေသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၂/၂၀၁၉

## ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ၂၀၁၉ ခုနှစ် မတ်ပဲနှင့် ပဲစင်းငုံ ဈေးနှုန်း အနိမ့်အမြင့်မှာ အိန္ဒိယ၏ ဝယ်ယူမှု အခြေအနေတွင် မူတည်နေ
- ဆောင်းနှမ်းသစ်ပေါ်ချိန် တစ်အိတ်လျှင် ကျပ် လေးထောင်ခန့် ဈေးပိုရရှိနေ
- လျှော်ဖြူစေးအထွက်နှုန်းနှင့် ဈေးနှုန်းမှာ သိသာစွာ ကျဆင်းသွားခြင်းကြောင့် ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ထားရ
- ပိုးစာပင်မှတန်ဖိုးမြှင့်လူသုံးကုန်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးမည်
- အချိန်အခါ မဟုတ် ရွာသွန်းခဲ့သည့် မိုးကြောင့် ပဲထွက်ရှိနှုန်း ထိခိုက်နိုင်

### နိုင်ငံတကာဈေးကွက်

- ဘတ်ငွေအားကောင်းခြင်းက ထိုင်းပို့ကုန်လုပ်ငန်းရှင်များနှင့် တောင်သူဝင်ငွေကို ထိခိုက်စေမည်
- အာဆီယံနိုင်ငံများထံမှ တင်သွင်းသော စားအုန်းဆီအပေါ် အိန္ဒိယအခွန်လျှော့ပေး
- အင်ဒိုနီးရှား မတ်လမကုန်မီ ပြောင်းတန်ချိန် ၃၀၀၀၀ တင်သွင်းမည်
- ကမ္ဘာ့ကော်ဖီမျိုးကွဲပေါင်းဗြဂျာခိုင်နှုန်းခန့်ပျောက်ကွယ်တော့မယ့်အရေးနှင့် ရင်ဆိုင်နေရ
- ကမ္ဘာအနှံ့ ရေနံဈေးများ ကျဆင်းနေသဖြင့် ဩစတြေးလျနိုင်ငံတွေးပူ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- လန်ချန်း-မဲခေါင်စီမံကိန်းလုပ်ငန်းများထဲမှကော်ဖီကဏ္ဍအားစတင်လုပ်ဆောင်မည်
- ရန်ကုန်တိုင်းတွင် အကောင်အထည်ဖော်မည့် Project Bank ၌ ငါးလုပ်ငန်း ပါဝင်လာစေရန်အမှတ်ပေးစနစ်နှင့် ရွေးချယ်ပေးရန်တောင်းဆို
- ချင်းတောင်ထွက် ထောပတ်သီးများ အဝယ်လိုက်ပြီး ဈေးကောင်းရနေ
- ယခုနှစ်အတွင်း ပြည်ပသို့ ကြက်သွန်နီ တင်ပို့နိုင်ဖွယ်မရှိ
- ယခုရက်ပိုင်းအတွင်း မြန်မာ-အိန္ဒိယနယ်စပ်၌ ကွမ်းသီးအစိုများယခင်နှစ်ကထက် တန်ချိန်ရာနှင့်ချီတင်ပို့ရောင်းချနေရ

### ပြည်ပကုန်သွယ်မှုသတင်း

- EU ကို ပျားရည်တင်ပို့နိုင်ဖို့ကြိုးပမ်းနေ
- တရုတ်တွင် ပြောင်းအထွက်တိုးနိုင်သော်လည်း လိုအပ်ချက် ရှိနေဆဲဟု ထုတ်ပြန်
- ဥရောပဈေးကွက် ရရှိသဖြင့် နှမ်းမျိုးစုံ ဈေးကောင်းနေ

တရုတ်ပြည်လိုအပ်နေတဲ့ငါး မြန်မာပြည်က ဖြည့်ပေးနိုင်တယ်လို့ သုတေသီပြော

**အထူးဆောင်းပါးများ**

အီးယူအခွန်ကောက်မှုကြောင့် ဆန်ဈေးကွက်ကို ဆိုးရွားစွာ ထိခိုက်မှုမရှိ သော်လည်း ဈေးကွက်သစ်များ ရှာဖွေရန်လိုအပ်

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁--၃၇၆၄၁၆
http://www.trade.gov.mm
myantradetir2016@gmail.com

## ပြည်တွင်းဈေးကွက်

### ၂၀၁၉ ခုနှစ် မတ်ပဲနှင့် ပဲစင်းငုံ ဈေးနှုန်း အနိမ့်အမြင့်မှာ အိန္ဒိယ၏ ဝယ်ယူမှု အခြေအနေတွင် မူတည်နေ

မတ်ပဲပေါ်မည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လများအတွင်း မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်း အနိမ့်အမြင့်မှာ ခန့်မှန်းမရနိုင်ဘဲ အိန္ဒိယနိုင်ငံ၏ ဝယ်ယူမှုအခြေအနေအပေါ် မူတည်နေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ သိရသည်။ " အခု အခြေအနေက ဈေးအတက်အကျကို ခန့်မှန်းဖို့တော့ခက်ခဲပြီး အိန္ဒိယဘက်က မူဝါဒပြောင်းလဲမှုနည်းမယ်။ အထိုက်အလျောက် ဝယ်ယူမှု ရှိမယ်ဆိုရင်ပဲ ဈေးနှုန်းကောင်းနိုင်တယ်" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူးကပြောသည်။ လာမည့် ဖေဖော်ဝါရီလ ပဲပေါ်ရာသီတွင် မတ်ပဲတန်ချိန် လေးသိန်းခွဲ ထွက်ရှိလာရန် ခန့်မှန်းထားပြီး လက်ရှိဈေးကွက်အတွင်း ပဲစင်းငုံတန်ချိန် ငါးသောင်းခန့်၊ မတ်ပဲ တန်ချိန် ခုနစ်သောင်းဝန်းကျင် လက်ကျန်ရှိနေသေးကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ထံမှ သိရသည်။ "အိန္ဒိယနိုင်ငံ အနေနဲ့ ပဲစင်းငုံနဲ့ မတ်ပဲကို အဓိက လိုအပ်ချက်ရှိနေပေမယ့် အိန္ဒိယရဲ့ မူဝါဒ အပြောင်းအလဲကိုတော့ ခန့်မှန်းရ ခက်ခဲတယ်။ မတ်ပဲတွေ ကလည်း ထွက်ရှိလာဖို့ရှိတယ်။ တောင်သူတွေကလည်း မတ်ပဲကို စိုက်ထားတာတွေကလည်းရှိတယ်။ ဈေးကွက်ကတော့ မှန်းလို့ကို မရနိုင်ဘူး ဖြစ်နေတယ်ဟု" ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်က ပြောပါသည်။

အိန္ဒိယ၏ ပဲလိုအပ်ချက်ကြောင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း မတ်ပဲနှင့် ပဲစင်းငုံတန်ချိန် သုံးသိန်းခွဲကျော် အထိ မြန်မာနိုင်ငံမှ ဝယ်ယူခဲ့ပြီး မတ်ပဲတစ်တန်လျှင် ကျပ် ၁၀ သိန်းဝန်းကျင်၊ ပဲစင်းငုံ တစ်တန်လျှင် ကျပ်ရှစ်သိန်းခွဲခန့်ထိ ဈေးမြင့်တက် ခဲ့ကြောင်း သိရသည်။ လက်ရှိဈေးကွက်အတွင်း ပဲများကို နေ့စဉ် ဝယ်ယူမှုများရှိနေသော်လည်း ဈေးအနည်းငယ်ပြန်ကျနေပြီး မတ်ပဲ တစ်တန်လျှင် ကျပ်ခုနစ်သိန်းခွဲနှင့် ပဲစင်းငုံ တစ်တန်လျှင်လည်း ကျပ်ခုနစ်သိန်းခွဲခန့် ပေါက်ဈေးရှိနေကြောင်း သိရသည်။

Source: https://www.thefarmermedia.com/news/12171

### ဆောင်းနှမ်းသစ်ပေါ်ချိန် တစ်အိတ်လျှင် ကျပ် လေးထောင်ခန့် ဈေးပိုရရှိနေ

လက်ရှိ ဆောင်းနှမ်းသစ် ပေါ်ချိန်ကာလဖြစ်သဖြင့် နှမ်း ၄၅ ပိဿာ၊ တစ်အိတ်လျှင် ယခင်နှစ် ကာလတူဈေး ထက် ကျပ် ၄,၀၀၀ ခန့် ဈေးပိုမိုရရှိနေပြီး ဂျပန်နိုင်ငံမှ ကြိုက်နှစ်သက်သည့် နှမ်းနက်မှာလည်း ဈေးပိုမိုမြင့်တက်လာကြောင်း နှမ်းကုန်သည်များထံမှ သိရပါသည်။ "နှမ်းရောင်စုံဈေးတွေပိုကောင်းလာတယ်။ ဂျပန်၊ စကာ်ပူကြိုက် နှမ်းဈေးတွေ ပိုမြောက်တယ်။ နောက်တောင်သူတွေအနေနဲ့ ဒီထက်ဈေးကောင်းရရှိချင်ရင် GAP နည်းနဲ့ စိုက်ဖို့လိုအပ်တယ် " ဟု အောင်လံကုန်စည်ဒိုင် ဥ က္ကဋ္ဌက ပြောသည်။

လက်ရှိ နှမ်းရောင်စုံ ဈေးကွက်အတွင်း နှမ်းပြာသန့် တစ်အိတ်လျှင် ကျပ် ၁၈၅,၀၀၀ ခန့်ရရှိနေပြီး ယခင်နှစ် ယခုလိုအချိန်က တစ်အိတ် လျှင် ၁၈၀,၅၀၀ ကျပ်သာ ရရှိခဲ့သည်။ အလားတူ နှမ်းဖြူ တစ်အိတ်လျှင် ၁၅၅,၀၀၀ ကျပ်ခန့် ရရှိနေပြီး ယခင်နှစ် ယခုလိုအချိန်က တစ်အိတ်လျှင် ၁၅၀,၅၀၀ ကျပ် အသီးသီး ရရှိခဲ့သည်။

ဂျပန်နိုင်ငံမှ အဓိက ဝယ်ယူနေသည့် နှမ်းနက်(စမုံ) ၄၅ ပိဿာ တစ်အိတ်လျှင် ၂၂၀,၀၀၀ မှ ၂၂၄,၀၀၀ ကျပ် ထိရရှိနေပြီး ယခင်နှစ် ယခုလိုအချိန်က တစ်အိတ်လျှင် ကျပ် ၂၀၁,၀၀၀ ခန့်သာ ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့နှမ်းကို ဂျပန်၊ တရုတ်၊ စကာ်ပူ၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ ထိုင်း၊ ဒိန်းမတ်နှင့် မလေးရှား စသည့် နိုင်ငံတို့မှ တင်ပို့နေရပြီး နှစ်စဉ်တန်ချိန် တစ်သိန်းကျော်ခန့် တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၂ သန်းခန့် ရရှိနေကြောင်း သိရသည်။

ပြည်ပသို့ ဆီထွက်သီးနှံများ တင်ပို့ရာတွင် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု တွင် စစ်ဆေးနိုင်ပြီး ဆီ၏ အရည်အသွေး၊ ဆီ၏ အရောင်၊ အဆီအက်စစ်ဓာတ်လွတ် ပါဝင်ကိန်း၊ အချဉ်ဓာတ် ကိန်းနှင့် ဆီစေး၊ ဆီပျစ်မှု စသည်တို့ကို စစ်ဆေးနိုင်ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ဆင်းရတနာ ၂ ၊ ၃၊၄၊ ၅ ( အနက်၊ အနက်၊ အဖြူ၊ အဝါ) မကွေး ၇၊ ၉မျိုး( အနီရောင်၊ အဝါရောင်) စသည့် နှမ်းအမျိုးအစားများကို စိုက်ပျိုးမှုများပြီး ဆောင်းရာသီ နှမ်းကို စက်တင်ဘာလမှ အောက် တိုဘာလတွင်း စိုက်ပျိုးကာ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလများတွင် စတင်ထွက်ပေါ်ကြောင်း သိရသည်။

Source:http://www.amiamyanmar.com/detail.aspx?id=5751

### လျှော်ဖြူစေးအထွက်နှုန်းနှင့် ဈေးနှုန်းမှာ သိသာစွာ ကျဆင်းသွားခြင်းကြောင့် ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ထားရ

လက်ရှိကာလတွင် လျှော်ဖြူဈေးကွက်ပျက်နေပြီး ဈေးနှုန်းလည်း ကျဆင်းနေသည့်အပြင် အထွက်နှုန်းပါ သိသာစွာ ကျဆင်း နေခြင်းကြောင့် လျှော်ဖြူစိုက် တောင်သူအများစုမှာ လုပ်ငန်းများကို ရပ်နားထားကြကြောင်း ဘုတလင် မြို့နယ်မှ လျှော်ဖြူစိုက်တောင်သူ များက ပြောသည်။ " ဒီနှစ်က မိုးကောင်းကောင်းမရတော့ အစိုဓာတ်မရတာကြောင့် လျှော်ဖြူအထွက်ကျနေတယ်။ ကျွန်တော့်ခြံမှာ အပင် ၂၅၀ စိုက်ထားတာ အရင်နှစ်က တစ်ရက်ကို လေးပိဿာလောက် ရတယ်။ ဒီနှစ်မှာတော့ တစ်ပိဿာကျော်ကျော်ပဲ ရပါတယ်။ ဈေးနှုန်း ကလည်း မရတာကြောင့် အလုပ်သမားငှားပြီးလုပ်လို့ အဆင်မပြေကြတဲ့အတွက် ထုတ်လုပ်မှုကို ရပ်နားထားရတယ်" ဟု လျှော်ဖြူ တောင်သူက ပြောသည်။ လျှော်ဖြူစေးမှာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် လက်ကားဈေး တစ်ပိဿာ ကျပ် ၄၀၀၀၀ အထိ ဈေးရခဲ့သော် လည်း ယခုနှစ်တွင် ၁၆၀၀၀ ကျပ်ခန့်သာ ရရှိတော့ကြောင်း၊ ယခုဈေးအရ မိသားစု စုပေါင်းလုပ်ကိုင်လျှင် ထမင်းစရိတ်ရရှိသော်လည်း

အလုပ်သမား ငှားရမ်းလုပ်ကိုင်သည့်သူများအနေဖြင့် တွက်ချေမကိုက်ကြောင်း သိရသည်။" လျှော်ဖြူစေးထုတ်ဖို့အတွက် အလုပ်သမား တစ်ယောက်ကို တစ်နေ့ ကျပ် ၄၀၀၀ ပေးရတယ်။ သူတို့က အနည်းဆုံး တစ်ပိဿာ ထုတ်လုပ်မှသာ လုပ်ငန်းရှင်က အဆင်ပြေမှာ ဖြစ်တယ်။ အခုကအဲဒီလောက်ကို မရတဲ့အခင်းတွေရှိတယ်။ နောက်ပြီးဈေးကွက်ကလည်း တရုတ်တစ်ခုတည်းကိုဘဲ မှီခိုနေရတဲ့အတွက် သူတို့က ဈေးချဖယ်တဲ့အခါ ပြည်တွင်းက စိုက်တဲ့ သူတွေ အဆင်မပြေကြတော့ဘူး"ဟု ရေစကြိုမြို့နယ်မှ လျှော်ဖြူစိုက်တောင်သူက ပြောသည်။ လျှော်ဖြူဈေးကွက်မှာဖယ်သူလက်ထဲတွင်ရှိခြင်းကြောင့် စိုက်ပျိုးသူများအနေဖြင့် အချိန်အခါကိုစောင့်ကာ ရောင်းချရကြောင်း၊ ဈေးနှုန်းအတက်အကျမှာလည်း ခန့်မှန်းရခက်သဖြင့် ဈေးကောင်းလျှင် များများထုတ်လုပ်ရောင်းချကာ မရလျှင်ရပ်နားထားကြောင်း၊ လက်ရှိအနေအထားအရ လျှော်ဖြူထုတ်လုပ်ခြင်းကို မေလပိုင်းမှသာ ပြန်လည်လုပ်ကိုင်တော့မည်ဖြစ်ကြောင်း ရေစကြိုမြို့မှ လျှော်ဖြူ စိုက်တောင်သူများက ပြောကြားသည်။ Source: https://www.thefarmermedia.com/news/12167

## ပိုးစာပင်မှတန်ဖိုးမြှင့်လူသုံးကုန်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးမည်

ပိုးစာပင်မှ တန်ဖိုးမြှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်၍ ပြည်တွင်းဈေးကွက် ဖြန့်ဖြူးခြင်းနှင့် ပြည်ပဈေးကွက် ရှာဖွေချဲ့ထွင်မှု များ လုပ်ဆောင်ရန် လိုအပ်နေကြောင်း ပိုးစာပင် စိုက်ပျိုးမွေးမြူသူများက ပြောကြားသည်။ ပိုးစာပင်မှ ပိုးချည်အိမ်များ၊ ပိုးထည်များ၊ ပိုးဝွမ်း၊ ပိုးဆပ်ပြာ၊ ပိုးလက်ဖက်ခြောက် စသည့်တို့ကို ထုတ်လုပ်ကာ လက်ရှိတွင် ဒေသတွင်း ဈေးကွက်မှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးရှိပြီး အခြားဈေးကွက်ရှိသည့် နိုင်ငံများသို့ လူသုံးကုန်အဖြစ် တင်ပို့လာနိုင်ပါက ဒေသတွင်း တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် ဝင်ငွေရရှိ သည်အထိ လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း ချင်းပြည်နယ် မင်းတပ်မြို့ရှိ ပိုးစာပင် စိုက်ပျိုးတောင်သူ ဦးဆလိုင်း မာန်ထွန်းဦးက ပြောသည်။

လက်ရှိ ပိုးချည်အိမ်ကို တရုတ် ပိုးချည်စက်ရုံများသို့ လွယ်ဂျယ်နယ်စပ်စခန်းမှ တင်ပို့နေမှုမှ နှစ်စဉ်တိုးတက် တင်ပို့နေရပြီး အခြားသော လူသုံးကုန်ပစ္စည်းများအတွက်လည်း ဈေးကွက်ရရှိရန် လိုအပ်နေပြီး လိုအပ်သော ချေးငွေပံ့ပိုးခြင်းဖြင့် အသေးစား၊ အလတ်စား ပိုးချည်စီမံကိန်းများအား တောင်သူများကိုယ်တိုင် ဖော်ဆောင်လာနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ဆိုသည်။

၂၀၁၈ ခုနှစ် ဖွန်လတွင် တရုတ်နိုင်ငံသို့ ပိုးချည် ကီလိုပေါင်း ၇,၉၀၀ ကျော်၊ ဇူလိုင်လတွင် ကီလိုပေါင်း ၇,၂၀၀ ကျော်၊ ဩဂုတ်လတွင် ကီလို ၇,၂၀၀ ခန့်၊ စက်တင်ဘာလတွင် ကီလိုပေါင်း ၁၅,၃၀၀ ခန့်၊ အောက်တိုဘာလ တွင် ကီလိုပေါင်း ၁၂,၇၀၀ ကျော် အသီးသီး တင်ပို့ထားကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ရှိ ပိုးစာပင်စိုက်တောင်သူက" ပိုးစာလက်ဖက်ခြောက် ဆိုရင် ပြည်တွင်းက ဈေးဖယ်စင်တာတွေမှာ ဖြန့်ဖြူးနေတယ်။ အစကတော့ ဒီအပင်ကနေ လက်ဖက်ခြောက်တို့ ဆပ် ပြာတို့ ထုတ်လုပ်နိုင်တာ လူသိနည်းတယ်။ အခုနောက်ပိုင်းတော့ ဈေးဖယ်စင်တာတွေမှာတင်ရင်း ကျန်းမာရေးနဲ့ညီညွတ်လို့ ကြိုက်နှစ်သက်မှုလည်း ရှိလာတယ်။ ပါကင်စနစ် ကောင်းကောင်းနဲ့ အိမ်နီးချင်း နိုင်ငံတွေ ပို့နိုင်အောင် လုပ်ပေးမယ်ဆိုရင် ဒီကဏ္ဍ ဖွံ့ဖြိုးမှု အရှိန်ကောင်းလာမှာ ဖြစ်တယ်" ဟု ပြောသည်။

လက်ရှိ ကရင်ပြည်နယ်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ဦးဆောင် ၍ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် MOU ရေးထိုးထားကာ ကမော့ကပို ပိုးခြံမှ ပိုးစာပင် ၃ ဧကခန့် စမ်းသပ်စိုက်ပျိုးမှုမှ အောင်မြင်လာသည့်အတွက် ပိုးမွေးမြူရေး လုပ်ငန်းများကို စတင်လုပ်ဆောင်ရန် ပြင်ဆင် နေကြောင်း သိရသည်။

အဆိုပါ စီမံကိန်းမှ ပိုးစာပင် စိုက်ပျိုးခြင်း၊ ပိုးမွေးခြင်းနှင့် ချည်မျှင်ထုတ်လုပ်သည့် ၂ နှစ် စီမံကိန်းပြီးပါက ကရင် ပြည်နယ် အစိုးရအဖွဲ့သို့ လွှဲပြောင်းသွားမည်ဟု သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ပိုးစာပင် စိုက်ဧက ၅,၀၀၀ ကျော်ရှိပြီး ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ မန္တလေး တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြကာ ရှမ်းပြည်နယ် မြောက်ပိုင်း မုံးကိုးဒေသတွင် ဧကပေါင်း ၂,၀၀၀ ကျော်အား ကုမ္ပဏီတစ်ခုမှ တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးတွင် ပိုးစာပင် မျိုးပိုးဥထုတ်ခြံ တစ်ခြံ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်တယ်၊ ရှမ်းပြည်နယ်များတွင် ပိုးစာခြံ ၁၉ ခြံ၊ ချင်းပြည်နယ်၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်တို့တွင် ပိုးချည် ထုတ်လုပ်သည့် စက်ရုံ ၂ ရုံခန့်ရှိကြောင်း သိရသည်။ Source:http://www.amiamyanmar.com/detail.aspx?id=5749

## အချိန်အခါ မဟုတ် ရွာသွန်းခဲ့သည့် မိုးကြောင့် ပဲထွက်ရှိနှုန်း ထိခိုက်နိုင်

မိုးစပါးအပြီး စိုက်ထားသည့် ပဲအမျိုးမျိုး အပွင့်အဖူးထွက်ပေါ်ချိန်တွင် အချိန်အခါမဟုတ် ရွာသွန်းခဲ့သည့် မိုးကြောင့် ရေနစ်မြုပ် ခြင်းနှင့် အပွင့်ကြွေခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း ပဲစိုက်ပျိုး တောင်သူများက ပြောသည်။

" မတ်ပဲ၊ ကုလားပဲနဲ့ ပဲကြီးသီးနံ့တို့ စိုက်ထားတာ တစ်လကျော်ကျော်၊ နှစ်လလောက် သက်တမ်းရနေပါပြီ။ အခု အပွင့်တွေ ပွင့်ချိန်၊ အသီးတွေ စတင်သီးချိန်မှာ အချိန်အခါမဟုတ် မိုးရွာတဲ့အတွက် အပွင့်ကြွေ၊ ရေတွေ လည်း မြုပ်ခဲ့တယ်။ အရင် ၂ နှစ်လောက်က ဒါမျိုးတစ်ခါ ဖြစ်ဖူးတယ်။ နောက်ဆက်တွဲ အထွက်နှုန်းပိုင်း ထိခိုက် ခဲ့တယ်။ အခုလည်း တချို့အပင်တွေ သေကုန်တာရှိတယ်။ ကျန်တဲ့ အပင်တွေကိုပဲ မျှော်ရတော့မှာ။ နောက်ဆက်တွဲပိုးကျမယ့် အန္တရာယ်ကိုလည်း စိတ်ပူနေရ ပါတယ်" ဟု နေပြည်တော်၊ တပ်ကုန်း မြို့နယ်ရှိ ပဲစိုက် တောင်သူက ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် စိုက်ခင်းအချို့ ပျက်စီးမှုများရှိနေပြီး ပြန်လည်စိုက်ပျိုးရန် အချိန်မမှီနိုင်ခြင်းကြောင့် နွေးစပါးစိုက်ပျိုးမှု ကိုသာ အားထားရတော့မည်ဖြစ်ကြောင်း တောင်သူများက ဆိုသည်။ "မိုးစပါးသိမ်းပြီး ဆောင်းသီးနှံ စိုက်ပျိုးထားတာပါ။ အခင်းထဲ ဝင်သွားတဲ့ ရေတွေကိုတော့ မြောင်းသွယ်ဖောက်ထုတ်နေပေမယ့်လည်း အပင်တွေသေတာ တွေ့ရတယ်။ နောက် အခု အချိန်က ပဲကြီး အပွင့်ချိန်ဆိုတော့ အပွင့်တွေ ထိခိုက်မှုများရင် ပိုးကျလာမှာဖြစ်သလို အထွက်နှုန်းမှာလည်း ကျဆင်းလာဖို့ပဲ ရှိတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်ရှိ ပဲစိုက်တောင်သူ တစ်ဦးဖြစ်သူက ပြောသည်။ ယင်းအပြင် ဇန်နဝါရီလ ပထမပတ်အတွင်းက ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် ရခိုင်ကမ်းရိုးတန်း တောင်ပိုင်းအနီး တွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်ခဲ့ပြီး သက်ရောက်မှုအဖြစ် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် နေရာအနှံ့အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန် ထားသည်။

လက်ရှိ ပဲမျိုးစုံ စိုက်ဧကများအနက် ၆၆ ရာခိုင်နှုန်းတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို စိုက်ပျိုးကြပြီး ကျန် ၃၄ ရာခိုင်နှုန်းမှာ ပဲတီစိမ်း၊ ပဲလွန်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများအား စိုက်ပျိုးကြလျက်ရှိ သကဲ့သို့ စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပဲမျိုးစုံ စုစုပေါင်း စိုက်ဧက၏ ၅၄ ရာခိုင်နှုန်းကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ Source: http://www.amiamyanmar.com/detail.aspx?id=5764

## နိုင်ငံတကာဈေးကွက်

### ဘတ်ငွေအားကောင်းခြင်းက ထိုင်းပို့ကုန်လုပ်ငန်းရှင်များနှင့် တောင်သူဝင်ငွေကို ထိခိုက်စေမည်

အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ချက်အရ ထိုင်းဘတ်ငွေ အားကောင်းနေခြင်းက ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်နှင့် လယ်ယာလုပ်ငန်းဝင်ငွေပေါ် ထိခိုက်လာမည်ကို ထိုင်းပို့ကုန်လုပ်ငန်းရှင်အများစု စိုးရိမ်နေကြသည်။ " ဘတ်ငွေ အားကောင်းနေတော့ ထိုင်းဆန်ရဲ့ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်ပါတယ်။ အိန္ဒိယလို ဒေသတွင်း နိုင်ငံတွေမှာက ငွေတန်ဖိုး အားပျော့နေပါတယ်" ဟု ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဌ Charoen Laothammatas က The Nation သတင်းဌာနသို့ပြောသည်။ ထိုမှတစ်ဆင့် စပါးဈေးကိုပါ သက်ရောက်နိုင်ပြီး တောင်သူများကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း ၎င်းက သတိပေးသည်။ ထိုင်းဗဟိုဘဏ်နှင့် ၎င်းကိစ္စ ဆွေးနွေးရန်ရှိ၊ မရှိ မေးမြန်းရာတွင် Charoen က ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ဗဟိုဘဏ်ထံ အကြိမ်ကြိမ်အသိပေးထားကြောင်း၊ သို့သော် ဘတ်ငွေမှာ အိန္ဒိယ ရူပီး၊ တရုတ် ယွမ် တို့နှင့် ယှဉ်လျှင် အားကောင်းနေဆဲဖြစ်ကြောင်း ပြောသည်။ ထိုင်းဆန်တင်ပို့မှုမှာ ၂၀၁၈ ခုနှစ်က တန်ချိန် ၁၁ သန်းခန့်ရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၀ သန်းဝန်းကျင်သာ ရှိနိုင်မည်ဟု ပို့ကုန်အသင်းက ခန့်မှန်းသည်။ ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဘတ်ငွေသည် ဇန်နဝါရီ ၃ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၃၂ ဒသမ ၂၀၅ ဘတ်၌ ရပ်တည်ခဲ့ကြောင်း သိရပြီး ၂၀၁၈ ခုနှစ်၏ နောက်ဆုံးအရောင်းအဝယ်ရက် ဒီဇင်ဘာ ၂၈ ရက်၏ ပေါက်ဈေး တစ်ဒေါ်လာလျှင် ၃၂ ဒသမ ၄၁၇ ဘတ်နှုန်းထက် အားပိုကောင်းလာခဲ့သည်။

CIMB ဘဏ်၏ အကြီးအကဲ Amo- rnthep Chawla က ထိုင်းပို့ကုန်လုပ်ငန်းရှင်များ ရင်ဆိုင်ရမည့် အဓိက စိန်ခေါ်မှုနှစ်ခုမှာ အမေရိကန်- တရုတ် ကုန်သွယ်စစ်၏ သက်ရောက်မှုနှင့် ဘတ်ငွေအားကောင်းမှု ဖြစ်ကြောင်း ပြောသည်။

Source: https://www.thefarmermedia.com/news/12180

### အာဆီယံနိုင်ငံများထံမှ တင်သွင်းသော စားအုန်းဆီအပေါ် အိန္ဒိယအခွန်လျှော့ပေး

အိန္ဒိယအစိုးရသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများထံမှ တင်သွင်းသော စားအုန်းဆီကြမ်းနှင့် စားအုန်းဆီသန့်အပေါ် သွင်းကုန်ခွန်လျှော့ချပေးလိုက်သည်။ အိန္ဒိယသည် နှစ်စဉ်စားအုန်းဆီ လိုအပ်ချက်အနက် ၆၀ ရာခိုင်နှုန်း သို့မဟုတ် တန်ချိန် ၁၅ ဒသမ ၅ သန်းကို အများအားဖြင့် မလေးရှား၊ အင်ဒိုနီးရှား၊ အာဂျင်တီးနားနှင့် ယူကရိန်းတို့ထံမှ တင်သွင်းနေသည်။ မလေးရှား၊ အင်ဒိုနီးရှားနှင့် အခြားအာဆီယံနိုင်ငံများထံမှ တင်သွင်းသော စားအုန်းဆီကြမ်းကို ယခင်က အခွန် ၄၄ ရာခိုင်နှုန်းသတ်မှတ်ရာမှ ၄၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့သည်။ ထို့ပြင် မလေးရှားထံမှ တင်သွင်းသည့် စားအုန်းဆီသန့် သွင်းကုန်ခွန်ကို ယခင် ၅၄ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်း သို့လည်းကောင်း၊ အင်ဒိုနီးရှားနှင့် အခြားအာဆီယံနိုင်ငံများထံမှ တင်သွင်းသည့် စားအုန်းဆီသန့် သွင်းကုန်ခွန်ကို ၅၀ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးလျှော့ချခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်သည်။ အခွန်လျှော့ပေါ့မှုအရ စားအုန်းဆီတင်သွင်းမှု မြင့်တက်လာမည်ဖြစ်ပြီး ၎င်းက အိန္ဒိယစားသုံးသူများအား အကျိုးဖြစ်ထွန်းစေရှိ၊ မရှိကိုပြောရန် စောသေးကြောင်း အိန္ဒိယ စားအုန်းဆီလုပ်ငန်းရှင်များက ပြောသည်။ အင်္ဂါနေ့တွင် စတင်သက်ရောက်မည့် အခွန်လျှော့ပေါ့မှုသည် ပြည်တွင်းစားအုန်းဆီ သန့်စင်ရေးလုပ်ငန်းအပေါ် သက်ရောက်စေနိုင်ပြီး ဆီအုန်းလုပ်ငန်းကို ထိခိုက်စေလိမ့်မည်ဟု အိန္ဒိယစားသုံးဆီ ထုတ်လုပ်ရေးအဖွဲ့က ပြောသည်။ ၂၀၁၈-

၂၀၁၉ ရာသီ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်မှာ တန်ချိန် ၂၃ ဒသမ ၅ သန်းရှိနိုင်ပြီး ပြည်ပမှ တန်ချိန် ၁၅ ဒသမ ၅ သန်း တင်သွင်းရဖွယ်ရှိကြောင်း ခန့်မှန်းသည်။ တင်သွင်းမှုအနက် ၆၀ ရာခိုင်နှုန်းကို မလေးရှားနှင့် အင်ဒိုနီးရှားထံမှ ဝယ်ယူ၍ ပဲပုပ်ဆီကို အာဂျင်တီးနားနှင့် ဘရာဇီးထံမှလည်းကောင်း၊ နေကြာဆီကို ယူကရိန်း၊ရုရှားတို့ထံမှလည်းကောင်း၊ ကာနိုလာဆီကို ကနေဒါထံမှ လည်းကောင်း တင်သွင်းရဖွယ်ရှိသည်။

အိန္ဒိယသည် နှစ်စဉ် စားအုန်းဆီတန်ချိန် ရှစ်သန်း တင်သွင်းနေရပြီး ပြည်တွင်းထုတ်လုပ်မှုမှာ တန်ချိန် သုံးသိန်းသာရှိသည်ဟု စားသုံးဆီထုတ်လုပ်ရေးအဖွဲ့က ပြောသည်။" ဒီဆုံးဖြတ်ချက်ဟာ ပြည်တွင်းဖြစ် အားပေးရေးကြိုးပမ်းချက်တွေနဲ့ ဆန့်ကျင်နေပြီး နိုင်ငံတွင်း ဆီအုန်းစိုက်ပျိုးမှုမြှင့်တင်ရေး ဆောင်ရွက်ချက်ကို အနှောင့်အယှက်ဖြစ်စေပါတယ်။ အရင်က တင်သွင်းခွန်မြှင့်ထားလို့ အားတက်နေတဲ့ ပြည်တွင်းဆီထွက်သီးနှံတောင်သူတွေရဲ့ အကျိုးစီးပွားကိုလည်း ထိခိုက်စေပါလိမ့်မယ်။ အစိုးရအနေနဲ့ အခြေအနေကို နားလည်ပြီး ဆီအုန်းလုပ်ငန်းနဲ့ စားအုန်းဆီသန့်စင်သူတွေကို ကာကွယ်ဖို့ ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု စားသုံးဆီထုတ်လုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌ Atul Chaturvedi က ပြောသည်။ ရူပီးငွေသည် အမေရိကန် တစ်ဒေါ်လာလျှင် ၇၄ ဒသမ ၄ ရူပီး၌ ရပ်တည်ခဲ့ရာမှ ၆၉ ဒသမ ၅ ရူပီးသို့ ပြန်လည်အားကောင်းလာသည့်အပြင် နိုင်ငံတကာစားသုံးဆီဈေးများမှာလည်း ခြောက်နှစ်မှ ခုနစ်နှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်နေသဖြင့် အိန္ဒိယစားသုံးဆီဈေးများမှာ အနိမ့်ဆုံးဖြစ်နေသည်ဟု Sunvin Group အတိုင်ပင်ခံ အဖွဲ့၏ အမှုဆောင်အရာရှိချုပ် Sandeep Bajoria က ပြောသည်။ "ဒီဆုံးဖြတ်ချက်ကနေ စားသုံးသူတွေ အကျိုးခံစားရမယ်ဆိုတာ ပြောဖို့စောပါသေးတယ်။ စားအုန်းဆီကြမ်းနဲ့ ဆီသန့်အခွန်လျှော့ချမှုဟာ ၁၀ ရာခိုင်နှုန်းကနေ ငါးရာခိုင်နှုန်း ကွာဟတာကြောင့် ဆီသန့်လုပ်ငန်းဟာ ခက်ခဲတဲ့ ကာလကို ကြုံရပါ့မယ်" ဟု ၎င်းက ပြောသည်။

Source:https://www.thefarmermedia.com/news/12153

## အင်ဒိုနီးရှား မတ်လမကုန်မီ ပြောင်းတန်ချိန် ၃၀၀၀၀ တင်သွင်းမည်

အင်ဒိုနီးရှားအစိုးရသည် နောက်ထပ်ပြောင်းတန်ချိန် ၃၀၀၀၀ ထပ်မံတင်သွင်းမှုအတွက် နိုင်ငံတော်စားနပ်ရိက္ခာ ဝယ်ယူရေးအဖွဲ့ Bulog ကို တာဝန်ပေးအပ်လိုက်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန၊ အကြီးတန်းအရာရှိ Oke Nurwan က တနင်္လာနေ့တွင် ပြောသည်။ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပြောင်းတန်ချိန် ၃၀၀၀၀ တင်သွင်းရေး သွင်းကုန်ပါမစ်များ ခွင့်ပြုရန် လုပ်ဆောင်နေပြီး မတ်လအကုန်အထိ လက်ခံမည်ဟု Nurwan က ပြောသည်။ တင်သွင်းပြောင်းများမှာ အင်ဒိုနီးရှားနိုင်ငံသို့ မတ်လအတွင်းရောက်ရှိနိုင်ပြီး ပြည်တွင်းပြောင်းပေါ်ချိန်နှင့် တိုက်ဆိုင်မည်မဟုတ်ဟု Nurwan ကပြောသည်။

Bulog အဖွဲ့သည် နိုဝင်ဘာလတွင် တောင်အမေရိကတိုက်မှ ပြောင်းတန်ချိန် တစ်သိန်း ဝယ်ယူခဲ့ကြောင်း ဥရောပကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။ ယခုပြောင်းတန်ချိန် ၃၀၀၀၀ ထပ်မံတင်သွင်းမည့် အစီအစဉ်မှာ ပြည်တွင်းဈေးကွက် တွင် ပြောင်းလုံလောက်စေပြီး တိရစ္ဆာန်စာဈေးနှုန်း တည်ငြိမ်စေရန်နှင့် ထိုမှတစ်ဖန် ကြက်ဥဈေးများ မြင့်တက်လာမှုကို ဟန့်တားရန်ဖြစ်သည်။ Bulog အဖွဲ့ထံတွင် ၂၀၁၈ ခုနှစ်၊ နှစ်ကုန်ကာလက ပြောင်းလက်ကျန် တန်ချိန် ၅၃၀၀၀ ရှိနေသေးသည်ဟု ပြီးခဲ့သည့်အပတ်က ထုတ်ပြန်သည်။

Source: Reuters, https://www.thefarmermedia.com/news/12151

## ကမ္ဘာ့ကော်ဖီမျိုးကွဲပေါင်း၆၀ရာခိုင်နှုန်းခန့်ပျောက်ကွယ်တော့မည့်အရေးနှင့် ရင်ဆိုင်နေရ

ကမ္ဘာပေါ်မှာရှိတဲ့ ကော်ဖီမျိုးကွဲ ငါးခုအနက်သုံးခုလောက်ဟာ မကြာခင်ပျောက်ကွယ်သွားတော့မယ့်အရေးနဲ့ ရင်ဆိုင်နေရ လျက်ရှိကြောင်း သိရပါတယ်။ လက်ရှိအချိန်ကာလမှာ ရာသီဥတုပြောင်းလဲမှုရဲ့ ဒဏ်တွေရိုက်ခတ်နေမှု၊ ပိုးမွှားကျရောက်မှု၊ သစ်တောပြုန်းတီးမှုတို့ကြောင့် ကမ္ဘာ့လူကြိုက်အများဆုံး သောက်သုံးစရာတစ်မျိုးရဲ့ ရှေ့အနာဂတ် ကတော့ မရေမရာအခြေအနေကို ရောက်ရှိစေခဲ့ပြီဖြစ်ကြောင်း အသစ်ထုတ်ပြန်ခဲ့တဲ့ သုတေသနတစ်စောင်မှာ သတိ ပေးထားပါတယ်။ နေ့စဉ်နေ့တိုင်း ကမ္ဘာပေါ်မှာ ကော်ဖီခွက်ပေါင်း ၂ ဘီလီယံကျော်လောက် ပုံမှန်သောက်သုံးနေကြလျက် ရှိတယ်ဆိုပေမယ့် ဒေါ်လာဘီလီယံများစွာတန်တဲ့ ကော်ဖီလုပ်ငန်းကတော့ ကမ္ဘာပေါ်က ဒေသအနည်းအကျဉ်းမှာသာ ဖြစ်ထွန်းစိုက်ပျိုးနေလျက်ရှိတဲ့ကော်ဖီ မျိုးကွဲတွေပေါ်မှာ မှီခိုနေရလျက်ရှိပါတယ်။

ဗြိတိန် Kew Royal Botanic Gardens က သိပ္ပံပညာရှင်တွေက လေ့လာချက်တစ်ခုလုပ်ဆောင်ခဲ့ရာမှာတော့ ကမ္ဘာကြီးပူနွေးလာနေပြီး ဂေဟစနစ်တွေပြုန်းတီးလာနေတာနဲ့အမျှ ကော်ဖီအမျိုးအစားပေါင်း ၁၂၄ ခု ဘယ်လိုမျိုး အန္တရာယ်ရှိအနေအထားအောက်ရောက်လာနေသလဲဆိုတာကို ခန့်မှန်းတွက်ချက်ဖို့ ကြိုးစားခဲ့ကြပါတယ်။ ယင်း လေ့လာချက်တွေအရ ကော်ဖီမျိုးကွဲ ၇၅ ခု လောက်ဟာ ပျောက်ကွယ်တော့မယ့်အရေးနဲ့ ခြိမ်းခြောက်ခံနေရတယ်လို့ ဆိုထားပါတယ်။ "ခြုံပြီးပြောရရင်တော့ ကော်ဖီမျိုးစိတ်အားလုံးရဲ့ ၆၀ ရာခိုင်နှုန်း နီးပါးလောက်ဟာ ပျောက်ကွယ် သွားတော့မယ့်အရေးနဲ့ ကြုံနေရပါပြီ" ဆိုပြီး Kew က ကော်ဖီသုတေသနဌာနအကြီးအကဲ Aaron Davis က ပြောသွား ပါတယ်။

Source: https://www.channelnewsasia.com/…/coffee-varieties-face-ext…

## ကမ္ဘာအနှံ့ ရေနံဈေးများ ကျဆင်းနေသဖြင့် ဩစတြေးလျနိုင်ငံတွေးပူ

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေချိန်တွင် ဩစတြေးလျရေနံစိမ်းများအားမဝယ်ယူကြခြင်းကြောင့် ရေနံစိမ်းဈေးများ ကျဆင်းနေ၍ ဩစတြေးလျ အစိုးရအနေဖြင့် အနာဂတ်အလားအလာရှေ့ရေးအတွက် စိုးရိမ်ပူပန်နေရသည်ဟု ဩစတြေးလျ ရေနံထုတ်လုပ်ရေးမှ အကြီးတန်းခွဲခြမ်းစိတ်ဖြာသူ အလွန်ဖို အက်စ်ပါဇာက ဇန်နဝါရီ ၂၂ ရက် ထုတ်ဖော်ပြောဆိုလိုက်သည်။

နိုင်ငံတကာရေနံစိမ်းဈေးနှုန်းမှာ ဇန်နဝါရီ ၂၀ ရက်က ၁၀ ရာခိုင်နှုန်း (သို့မဟုတ်) ၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းကာ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၆၂- ၆၄ သာဖြစ်နေပြီး ဇန်နဝါရီ ၂၁ ရက်က ၀ ဒသမ ၁ ရာခိုင်နှုန်းအကျ ဖြင့် ဈေးကွက်ပိတ်သွားခဲ့ရသည်။ နိုင်ငံတကာငွေကြေးရန်ပုံ ငွေအဖွဲ့ကြီးသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိဆုံးနိုင်ငံများအား ဇန်နဝါရီ ၂၁ ရက်က စာရင်းထုတ်ပြန်ကြေညာလိုက်သည်။ ၄င်းပြင် နိုင်ငံတကာ စီးပွားရေး လုပ်ငန်းရှင်နှင့် အကြီး အကဲများအပေါ်တွင် အကောင်းမြင်မှတ်ချက်များထုတ်ပြန်ပေးခဲ့ သည်။ တရုတ်-အမေရိကန်ကုန် သွယ်ရေးစစ်ပွဲနှင့် ဗြိတိန် Brexit ကိစ္စရပ်များကြောင့် နိုင်ငံတကာကုန်သွယ်ရေး၌ အကျိုးသက်ရောက်မှုများကို သုံးသပ်ကြေညာပေးခဲ့သည်။ မည်သို့ပင်ဆိုစေ ရေနံသည် ကမ္ဘာ၌ဝယ်လိုအား ကောင်းနေဆဲဖြစ်ရာ ဈေးနှုန်းကျသည်ဖြစ်စေ၊ တက်သည်ဖြစ်စေ ကမ္ဘာ့ဝယ်လို အားကောင်းနေမည်သာဖြစ်သည်ဟု ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ကြီးက သုံးသပ်ကြေညာထားသည်။ သို့သော် ဩစတြေးလျနိုင်ငံအနေဖြင့် ရေနံဈေးနှုန်းများကျဆင်း နေစဉ် ဝယ်လိုအား အမှာစာများကြောင့် ရောင်းအားပမာဏတက် လာသော်လည်း ဈေးနှုန်းအရ မကိုက်ဖြစ်နေရသည်ဟု အလွန်ဖို အက်စ်ပါဇာက ထုတ်ဖော်ပြောဆိုလိုက်သည်။ အမေရိကန်ပြည်ထောင်စုတွင် စွမ်းအင်ကုမ္ပဏီကြီးဖြစ်သော ဘေကာဟူး(ဂျီ)က ကမ်းလွန်ရေနံ တွင်းတူးဖော်နေခြင်းများအား ဒီဇင်ဘာ ၂၁ ရက်ကပင် လျှော့ချ ထုတ်လုပ်နေပြီဖြစ်သည်။

Source: https://www.yangonmedia.com/international/item/11304-%E1%80%80%E1%

# ပြည်တွင်းကုန်သွယ်မှုသတင်း

## လန်ချန်း-မဲခေါင်စီမံကိန်းလုပ်ငန်းများထဲမှကော်ဖီကဏ္ဍအားစတင်လုပ်ဆောင်မည်

လန်ချန်း-မဲခေါင်စီမံကိန်း လုပ်ငန်းများထဲမှ တစ်ခုဖြစ်သည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ကဏ္ဍအား စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်း ရရှိသည်။ အဆိုပါ လုပ်ငန်းကဏ္ဍများတွင် နည်းပညာသင်တန်း များပို့ချခြင်း၊ ဝန်ထမ်းများနှင့် တောင်သူများအား ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လက်စွဲစာစောင်များ၊ စာအုပ်များ ဖြန့်ဝေပေးခြင်း၊ ကော်ဖီသုတေသနရှိ ကော်ဖီအရည်အသွေး သတ်မှတ်နိုင်သည့် ဓာတ်ခွဲခန်းနှင့် မြေဆီလွှာဓာတ်ခွဲခန်းများအား အဆင့်မြှင့်တင်ခြင်း၊ ကော်ဖီလှော်စက်များအား ဝယ်ယူခြင်း၊ ဒေသခံ တောင်သူများအား ကော်ဖီထုတ်လုပ်မှု လုပ်ငန်းစဉ်များ၊ ရိတ်သိမ်းချိန် လွန်နည်းပညာများအပေါ် ကော်ဖီကြိတ်စက်ငယ်ဖြင့် လက်တွေ့သရုပ်ပြခြင်းများ စသည့်တို့ကို လက်တွေ့ကွင်းဆင်း လုပ်ဆောင်ပံ့ပိုး သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီ သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူးက ပြောသည်။" တောင်သူအချင်းချင်း နည်းပညာဖလှယ်ဖို့ ကူညီမှာဖြစ်သလို ဌာနဝန်ထမ်းတွေကိုလည်း အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းတွေအတွက် ကော်ဖီစိုက်ပျိုး ထုတ်လုပ် နည်းပညာများ ဖလှယ်ဖို့ ပြည်ပခရီးစဉ်များ စေလွှတ်ဖို့ ပါဝင်တယ်" ဟု ဦးမြင့်ဆွေက ဆိုသည်။



လက်ရှိ မြန်မာ့ကော်ဖီသည် ကမ္ဘာ့ကုန်စည် ဈေးကွက်တွင် အထူးတန်းဝင်ကော်ဖီ (Speciality Coffee) အဖြစ် ခိုင်ခိုင်မာမာ နေရာရရှိထားပြီးဖြစ်သဖြင့် အရည်အသွေးကောင်းကုန်းမြင့်ကော်ဖီ အာရေးဗီးကား (Arabica) အမျိုးအစား စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာရေး၊ ပမာဏ ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်စေရေးနှင့် ရေရှည်ခိုင်မာရေး အတွက် ဦးစားပေး လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ ပြည်သူများ၏ သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျှော့ချရန်နှင့် အာဆီယံအသိုက်အဝန်း တည်ထောင်မှုကို ထောက်ကူ ပေးရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ၂၀၃၀ ရည်မှန်းချက်အား အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သွားရန်တို့ကို ရည်ရွယ်၍ လန်ချန်း- မဲခေါင် အထူးရန်ပုံငွေဖြင့် စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်း(၅) နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့ပါဝင်သည့် လန်ချန်း- မဲခေါင် အထူးရန်ပုံငွေဖြင့် စီမံကိန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများအား အသိပေးကြေငြာခြင်း အခမ်းအနားကို ဇန်နဝါရီလ ၇ ရက်က ပြုလုပ်ခဲ့ သည်။

Source: http://www.amiamyanmar.com/detail.aspx?id=5747

## ရန်ကုန်တိုင်းတွင် အကောင်အထည်ဖော်မည့် Project Bank ၌ ငါးလုပ်ငန်း ပါဝင်လာစေရန် အမှတ်ပေးစနစ်နှင့်ရွေးချယ်ပေးရန်တောင်းဆို

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမဆုံး အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ Project Bank စီမံကိန်းပေါင်း ၂၀ ၌ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအား ပါဝင်လာစေရန်အတွက် အမှတ်ပေးစနစ်များနှင့်အညီ ပြုပြင်လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်များမှ တောင်းဆိုလိုက်သည်။ အဆိုပါ Project Bank အောက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွက် စီမံကိန်းပေါင်း ၇၉ ခု လျာထားပြီး PWC ၏ အမှတ်ပေးစည်းမျဉ်းနှင့် အညီ စီမံကိန်းပေါင်း ၅၀ အား ဆန်ကာတင် ရွေးချယ်ကာ နောက်ဆုံး စီမံကိန်း အခု ၂၀ ခုကို အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ညီနောင်အသင်းအဖွဲ့များနှင့် ပူးပေါင်းကာ နိုင်ငံတကာ ငါးမွေးမြူရေးအဖွဲ့အစည်းများထံမှ ခေတ်မီနည်း ပညာများရယူ၍ အောက်ခြေအထိ နည်းပညာပြန်လည်ဖြန့်ဝေမှုများ လုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက ပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီး၌ အအေးခန်းစက်ရုံပေါင်း ၁၁၅ ရုံရှိပြီး ၁၈ ရုံအား ဥရောပသမဂ္ဂအဖွဲ့(EU)မှ အသိအမှတ် ပြုထားသော်လည်း စက်ရုံတည်ရှိရာ ဒေသများမှ ဒေသခံများမှ တိုင်ကြားမှုများ ရှိနေသည့်အ တွက် EU Cerificiate များ မဆုံးရှုံးရေးအတွက် ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ဆိုသည်။ "ဒီလျာထားချက်ထဲမှာ အများအားဖြင့်တော့ ၇၉ ခုလုံးက တည်ဆောက်ရေးလုပ်ငန်း အများအပြားပါတယ်။ အခြားလုပ်ငန်းတွေလည်း တစ်ချို့တစ်လေပါတယ်။ ကျွန်တော်တို့ ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက်လည်း ပါတယ်။ ဒါပေမဲ့ ငါးလုပ်ငန်းဖွံ့ဖြိုးရေးက အဆင့်သတ်မှတ်ထားတဲ့အထဲမှာ ပထမဦးဆုံး လုပ်ဆောင်မယ့် ၂၀ ထဲမှာ ပါဝင်ဖို့ လက်ရှိအခြေအနေအရ နည်းနည်းခဲရင်းလိမ့်မယ်။ ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ ပူးပေါင်းပြီးတော့ ဒီလုပ်ငန်း ၂၀ ထဲမှာ ပါဝင်ဖို့ ကြိုးစားပေးစေချင်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ ကနဦး ဖော်ဆောင်မယ့် ဒီစီမံကိန်းထဲမှာ ရန်ကုန်တိုင်း ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ ပါဝင်လာမှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးက ပြောသည်။

မွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် ငါး၊ ပုစွန်ကန်များတွင် မျှော်လင့်ဘဲ ရောဂါကျရောက်နိုင်သည့် အန္တရာယ်များကိုလည်း ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် လိုအပ်ပြီး အဆင့်မမီသည့် အစာစက်ရုံများကို အဆင့်မြှင့် တင်ခြင်းနှင့် နိုင်ငံတကာနှင့်ဆက်သွယ် လုပ်ကိုင်နေသော ကုမ္ပဏီများကိုလည်း အစိုးရပိုင်းမှ ပံ့ပိုးကူညီမှုများ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း လုပ်ငန်းရှင်များက ဆိုသည်။ ယင်းဦးစား ပေးဆောင်ရွက်မည့်လုပ်ငန်း Project Bank အခု ၂၀ အတွင်း ပါဝင်နိုင်ရန်လည်း ဒီဇင်ဘာလ ပ ထမပတ်အတွင်းက Project Bank နှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲတွင် PwC ၏ အမှတ်ပေးစည်းမျဉ်း စံသတ်မှတ်ချက်များကို ချမှတ်ပေးခဲ့ပြီးဖြစ်ကာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ကြိုးစား၍ အမှတ်ရအောင် ဆောင်ရွက်နိုင်ပါက လုပ်ငန်း ၂၀ ထဲ၌ ပါဝင်လာနိုင် မည်ဖြစ်ကြောင်း သိရသည်။ Source: http://www.amiamyanmar.com/detail.aspx?id=5743

## ချင်းတောင်ထွက် ထောပတ်သီးများ အဝယ်လိုက်ပြီး ဈေးကောင်းရနေ

ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးမှုများပြားသည့် ဆောင်းထောပတ်သီးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်သည့် အတွက် ကားကြီး၊ ကားငယ်ဖြင့် ကလေးသစ်သီးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

မန္တလေး၊ မုံရွာ ထောပတ်သီး ဝယ်ယူသူတို့ အဆိုအရ ချင်းပြည်နယ်ထွက်ထောပတ်သီးကို မုံရွာ၊ မန္တလေးမှ တစ်ဆင့် မြန်မာ-တရုတ်နယ်စပ် မူဆယ်မှ ဝယ်ယူမှုများပြားနေကြောင်း ထောပတ်သီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ ဝန်းကျင်အထိ ရရှိနေပြီး ထိုင်းနိုင်ငံဘက်တွင် ထောပတ်သီး တစ်ကီလို ဘတ် ၃၀ ဝန်းကျင်ရရှိကြောင်း သိရသည်။ "ကျွန်တော်တို့ ချင်းတောင် ထောပတ်သီး စိုက်ပျိုးသူတွေအနေနဲ့ ကလေးမြို့ ဈေးကွက်သို့ အားကိုးပြီး တင်ပို့ရောင်းချ ရတာဖြစ်ပါတယ်။ ကလေးမြို့ဈေးကွက်ကတစ်ဆင့် မုံရွာ၊ မန္တလေး ပွဲရုံတွေကို ရောက်ပါတယ်။ နောက်ဆုံး တရုတ်နယ်စပ် အထိ ပွဲစားအဆင့်ဆင့်နဲ့ သွားရောက်ရောင်းချရတာမျိုးဖြစ်ပါတယ်။ တိုက်ရိုက် တရားဝင် ရောင်းချရမယ် ဆိုရင် ကျွန်တော် တို့ ထောပတ်သီးပင်စိုက် တောင်သူတွေအနေနဲ့ အကျိုးဖြစ်ထွန်းမှု များပြားလာမှာ ဖြစ်သလို စီးပွားရေး၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မြန်ဆန်လာမှာဖြစ်ပါတယ်" ဟု ၎င်းက သုံးသပ်ပြောဆိုသည်။



"နယ်စပ်ရောင်းဝယ်ရေးတွင် တရားဝင် ရောင်းချခွင့်ရရှိပါက ထောပတ်သီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဝန်းကျင်အထိ အမှန်တကယ် ပေါက်ဈေးရှိကြောင်း သိရသည်။ ထို့ကြောင့် ချင်းပြည်နယ် ထောပတ်သီးပင်စိုက်သူများအနေဖြင့် ထောပတ်သီးပင် တစ်ဧကစိုက်လျှင် အမေရိကန်ဒေါ်လာ ၉၀၀၀ ဝန်းကျင်အထိ ရရှိနိုင်မည်ဖြစ်ကြောင်း မူဆယ်နယ်စပ်ရောင်းဝယ်ရေးသို့ ထောပတ်သီး သွားရောက်ရောင်းချ သူ တစ်ဦးက ပြောပါသည်။

Source: https://myanmar.mmtimes.com/news/119575.html

## ယခုနှစ်အတွင်း ပြည်ပသို့ ကြက်သွန်နီ တင်ပို့နိုင်ဖွယ်မရှိ

မြန်မာ့ကြက်သွန် တင်ပို့ရောင်းချနေသော ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့သို့ ယခုနှစ်အတွင်း ကြက်သွန်နီ တရားဝင် တင်ပို့ခွင့်ရနိုင်ရန်အတွက် နမူနာများ ပေးပို့လိုက်ပြီဖြစ်သော်လည်း ယခုနှစ်အတွင်း ပြည်ပသို့ ကြက်သွန်နီ တင်ပို့နိုင်ဖွယ်မရှိကြောင်း မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင်သီးနှံများ စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းထံမှ သိရသည်။

လတ်တလော နမူနာပေးပို့ထားသည့် အဆင့်သာရှိသေးပြီး ယင်းနိုင်ငံများဘက်က အကြောင်းမပြန်သေး၍ ပြည်ပသို့ မတင်ပို့နိုင်သေးကြောင်း ယင်းအသင်းထံမှ သိရသည်။ "ဒီနှစ်တော့ ပို့နိုင်မယ်မထင်ဘူး။ ဘာလို့ဆို အဲဒီနိုင်ငံ(မလေးရှားနှင့် ဗီယက်နမ်)တွေကလည်း ဒီနှစ်အထွက်နှုန်းကောင်းတယ်လို့ ကြားတယ်။ အဲဒီတော့ ပြည်ပဝယ်လက်က မရှိတော့ဘူးပေါ့" ဟု မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌက ပြောဆိုသည်။ ထို့ပြင် မြန်မာ့ကြက်သွန်တင်ပို့သည့် နောက်ထပ်နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံအတွင်း၌လည်း ကြက်သွန်များ ဝယ်သူမရှိ၍ ရောင်းမရ ဖြစ်နေသည့်အတွက် ယခုနှစ်အတွင်း ကြက်သွန်နီကို ပြည်ပတင်ပို့နိုင်ဖွယ်မရှိကြောင်း ၎င်းကဆိုသည်။

မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သို့ ကြက်သွန်နမူနာများအဖြစ် ကြက်သွန်တစ်မျိုးလျှင် တစ်လုံးစီကို ဇန်နဝါရီလ တတိယပတ်အတွင်းက ပို့ပေးထားပြီး ပြီးခဲ့သည့်နှစ်အတွင်းက ပြည်ပသို့ကြက်သွန်နီတန်ချိန် သုံးသောင်းဝန်းကျင် တင်ပို့နိုင်ခဲ့ကြောင်း ယင်းအသင်းထံမှ သိရသည်။ ယခုနှစ်အတွင်း ပြည်ပတင်ပို့နိုင်ခြင်းမရှိသေးသည့်အပြင် ပြည်တွင်း၌ ကြက်သွန်နီထွက်သည့်ရာသီသို့ ရောက်ရှိနေသည့်အတွက် ကြက်သွန်စျေးနှုန်းများ ဆက်တိုက်ကျဆင်းနေပြီး ဆက်လက်ကျဆင်းနိုင်ကြောင်း သုံးသပ်ပြောကြားသည်။ ပြီးခဲ့သည့်နှစ်အတွင်းက ပြည်ပသို့ကြက်သွန်တင်ပို့ခဲ့ရာတွင် နိုင်ငံအလိုက်၊ ကြက်သွန်အမျိုးအစားအလိုက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ မှ ၄၀၀ ကြား စျေးရရှိခဲ့ကြောင်း ကြက်သွန်ကုန်သည်များထံမှ သိရသည်။ Source:http://thevoicemyanmar.com/news/30849-ktn

## ယခုရက်ပိုင်းတွင် မြန်မာ-အိန္ဒိယနယ်စပ်၌ ကွမ်းသီးအစိုများ ယခင်နှစ်ကထက် တန်ချိန်ရာနှင့်ချီ တင်ပို့ရောင်းချနေရ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်မထွက်ရှိသည့် ကွမ်းသီးအစိုများကို ယခု ရက်ပိုင်းတွင် မြန်မာ-အိန္ဒိယနယ်စပ်သို့ တန်ရာနှင့်ချီတင်ပို့ရောင်းချ နေရကြောင်း သိရ သည်။ ကလေးဒေသနှင့် ချင်းတွင်း မြစ်ရိုးတစ်လျှောက်မှ ထွက်ရှိသည့် ကွမ်းသီးအစိုများကို နှစ်စဉ်ဇန်န ဝါရီလဆန်းမှ မတ်လကုန်အထိ မြန်မာ-အိန္ဒိယနယ်စပ် စျေးကွက်သို့ တင်ပို့ရောင်းချမှုများရှိရာ ယခု နှစ်တွင်နယ်စပ်မှ အများဆုံးဝယ် ယူနေကြခြင်းဖြစ်သည်။ "နှစ်စဉ်ကတော့ လမ်းပန်း ဆက်သွယ်ရေးနဲ့ တစ်ဖက်နိုင်ငံအခြေအနေကြောင့် အရောင်းအဝယ်ပါးခဲ့တယ်။ အခုနှစ်မှာတော့ အရောင်းအဝယ် အခြေအနေက ဇန်နဝါရီလဆန်းချိန်ကစပြီး အရောင်းအဝယ် ကောင်းမွန်ခဲ့တဲ့အတွက် ကွမ်းသီးအစို တန်ရာချီ ရောင်းရနေ တာမျိုးဖြစ်တယ်" ဟု နယ်စပ်ကုန်သွယ်ရေးရုံးမှ တာဝန်ရှိတစ်ဦးက ဇန်နဝါရီလ ၂၂ရက်တွင် ပြောကြားသည်။ မြန်မာ- အိန္ဒိယ နယ်စပ် ရောင်းဝယ်ရေးသို့ ကွမ်းသီးအစို လာရောက်ရောင်းချသည့် ကုန်သည် ၂၀ ဝန်းကျင်ခန့်ရှိပြီး မြန်မာ ဘက်ရှိ အရောင်းအဝယ်စျေးကွက် တွင် ကွမ်းသီးကို အလုံးကောက် ဝယ်ယူရပြီး နယ်စပ်ပွဲရုံများတွင်လည်း အလုံးကြီး၊ အလုံးသေး စသည်ဖြင့် ရွေးချယ်ရောင်းဝယ် ကြသည်။ "ကွမ်းသီးအစိုတွေကတော့တန်ရာချီပြီး အရောင်းအဝယ် ဖြစ်နေတယ်။ ဒါပေမဲ့ အားလုံးပေါင်း ဘယ်လောက်ရှိမယ်ဆိုတာတော့အတည်မပြုနိုင်သေးဘူး။ အခုနှစ်က နယ်စပ်မှာ အရောင်းအဝယ် နှစ်တိုင်းထက်ကောင်းမွန်တော့ နယ်စပ်အရောင်းအဝယ်သမား တွေ အဆင်ပြေကြပါတယ်" ဟု နယ်စပ်ကုန်သွယ်ရောင်းဝယ်ရေး မှကုန်သည်ဦးဝင်းမောင်က ပြောသည်။ ယခုရက်ပိုင်းတွင် မြန်မာ-အိန္ဒိယနယ်စပ်ပွဲရုံ၌ ကွမ်းသီးအစို အလုံးကြီးတစ်လုံးလျှင် မြန်မာငွေ ကျပ်၂၀နှင့် အလုံးသေးတစ်လုံးလျှင်၁၀ကျပ်ဝန်းကျင်ဖြင့် ဝယ်ယူ နေကြပြီး ကလေးမြို့ ကွမ်းသီးအစို ရောင်းဝယ်ရေးတွင် ကွမ်းသီးအစို အလုံးလုလုတစ်လုံးလျှင် ၁၂ကျပ် ဝန်းကျင်နှင့် အသေးတစ်လုံးလျှင် ငါးကျပ်ဝန်းကျင်ဖြင့် ဝယ်ယူကြကြောင်းသိရသည်။

Source: https://www.yangonmedia.com/economy/item/11295-

# ပြည်ပကုန်သွယ်မှုသတင်း

## EU ကို ပျားရည်တင်ပို့နိုင်ဖို့ကြိုးပမ်းနေ

EUကို ပျားရည်တင်ပို့နိုင်ဖို့ကြိုးပမ်းနေပြီး လက်ရှိမှာပဏာမဓာတ်ခွဲစမ်းသပ်မှုတွေကို နှစ်ကြိမ်တိုင်ပြုလုပ် ပြီးဖြစ်တယ်လို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက နေသိရပါတယ်။ "EU ကို တင်ပို့တဲ့အပိုင်းမှာတော့ ကျွန်တော်တို့ဆီ ကနေပြီးတော့မှ နမူနာနှစ်ကြိမ် လောက်သူတို့ဆီတင်ပို့နိုင်ဖို့အတွက် ပဏာမဓာတ်ခွဲ စမ်းသပ်စစ်ဆေးပြီး ဖြစ်ပါတယ်။ အဲ့ဒီမှာမှ ဒါကျွန်တော်တို့ဆီက ခြွင်းချက်အနေနဲ့ ဒီပျားရည်ထဲမှာ Nitrofuran ပါတဲ့ အခြေအနေကိုတော့ ကျွန်တော်တို့က စုံစမ်းစစ်ဆေးပြီးတော့မှ ပါဝင်ရတဲ့ အခြေခံအကြောင်းအရင်းကို ဖော်ထုတ် နေတယ် ပေါ့"လို့ပျားမွေးမြူ မှုဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ကပြောပါတယ်။



EU ဖက်မှ ပျားရည်တန်ချိန် (၈၀၀) ခန့် ဝယ်ယူဖို့ကမ်းလှမ်းထားတယ်လို့ သိရပြီးလက်ရှိမှာ ဓာတ်ခွဲ စမ်းသပ်မှုတွေပြုလုပ်နေတဲ့အတွက် လာမယ့်နှစ်နှစ်၊ သုံးနှစ်အတွင်းမှာတော့ တင်ပို့နိုင်မယ်လို့သိရပါတယ်။ "နောက်သူတို့ ကြိုက်ပြီဆိုရင်တော့ သူတို့ဈေးကွက်ကလဲ အဆင်ပြေတယ်ဆိုရင်တော့ ဒါကျွန်တော်တို့ဖက်က လဲပြုပြင်ပြောင်းလဲလာမယ်ဆိုရင် ဒီပျားရည်က EUဈေးကွက်နဲ့တင် ဒါကျွန်တော်တို့နိုင်ငံက ထွက်တဲ့ အနေအထားက အဆင်ပြေသွားမှာပါ"လို့ ၄င်းကပြောပါတယ်။

ပြည်ပကို ပျားရည်တင်ပို့နေတဲ့ နိုင်ငံတွေကတော့ အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ကနေဒါ၊ ဗီယက်နမ်၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ဖြစ်ပြီး လက်ရှိဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပျားရည် မက်ထရစ်တန်ချိန် ၁၁၈၇ ဒသမ ၆ တင်ပို့ထားပါတယ်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1517-

## တရုတ်တွင် ပြောင်းအထွက်တိုးနိုင်သော်လည်း လိုအပ်ချက် ရှိနေဆဲဟု ထုတ်ပြန်

၂၀၁၈-၁၉ ရာသီအတွင်း တရုတ်နိုင်ငံ၏ ပြောင်းထုတ်လုပ်မှုသည် တန်ချိန် ၂၅၇ ဒသမ ၃၃ သန်း ရှိလာမည်ဟု အစိုးရ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ရာ ဒီဇင်ဘာလ ခန့်မှန်းတန်ချိန် ဖြစ်သော ၂၁၅ ဒသမ ၀၄ သန်းထက် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုများပြားလာကြောင်းတွေ့ရသည်။ အဆိုပါ ခန့်မှန်းချက်သည် လစဉ် ထုတ်ပြန်နေကျ တရုတ်နိုင်ငံ လယ်ယာထွက်ကုန် ရောင်းအားနှင့် ဝယ်အား ခန့်မှန်းချက်အစီရင်ခံစာကို အခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်သည်ဟု လယ်စိုက်ဝန်ကြီးဌာနက ဆိုသည်။

၂၀၁၈၊ အောက်တိုဘာမှ ၂၀၁၉ စက်တင်ဘာအထိ ဖြစ်သော သီးနှံရာသီချိန်တွင် ပြောင်း အထွက်တိုးလာရန် ခန့်မှန်းထားသော်လည်း တရုတ်တို့၏ ပြောင်းစားသုံးမှုကလည်း ၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၂၈၅ သန်းအထိ ရှိလာနိုင်သဖြင့် ဝယ်အားနှင့်ရောင်းအားကြား ကွာဟချက်မှာတန် ၃၄ သန်းကျော် ရှိလာမည် ဖြစ်သည်။

ခွဲခြားတွက်ချက်ပါက တရုတ်ပြည်တွင်း တိရစ္ဆာန်စာအတွက် ပြောင်းအသုံးပြုမှုသည် ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်ပြီး တန်ချိန် ၁၇၈ သန်း ရှိလာမည် ဖြစ်ကြောင်း၊ စက်မှုလက်မှုလုပ်ငန်းအတွက် ပြောင်းအသုံးပြုမှုသည်လည်း ၁၂ ဒသမ ၇ ရာခိုင်နှုန်း တိုးပြီး တန်ချိန် ၈၄ ဒသမ ၅ သန်း ရှိလာမည် ဖြစ်ကြောင်း လယ်စိုက်ဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ထို့အပြင် ရာသီအကုန် ပြောင်းလက်ကျန် ပမာဏကလည်း တန်ချိန် ၂၆ ဒသမ ၅ သန်းသာ ရှိနိုင်ဖြင့် ယခင်ခန့်မှန်းချက် ပမာဏ တန်ချိန် ၃၃ ဒသမ ၃၁ သန်းထက် လျော့နည်းလာဖွယ် ရှိသည်။

လွန်ခဲ့သော ၂၀၁၇ ၊ အောက်တိုဘာနှင့် ၂၀၁၈ ၊ စက်တင်ဘာ ရာသီချိန်က တရုတ်၏ ပြောင်းထုတ်လုပ်မှုသည် တန်ချိန် ၂၅၉ သန်း ရှိခဲ့ပြီး နှစ်စဉ် နှိုင်းယှဉ်ချက်အရ ၁ ဒသမ ၇ ရာခိုင်နှုန်း လျော့ကျခဲ့သည်။ သို့သော် ပြောင်းစားသုံးမှုသည် ၄ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် သန်း ၂၇၀ ရှိခဲ့သည်။ ယင်းသို့ လိုအပ်ချက်နှင့် ထုတ်လုပ်မှုကြား ကွာဟချက်များ ဖြစ်ပေါ်လာခြင်းကြောင့်ပင် တရုတ်၏ စုစုပေါင်း ပြောင်းတင်သွင်းမှုသည် အဆိုပါရာသီချိန်အတွင်း တန်ချိန် ၃.၄၅ သန်း ရှိခဲ့သည်ဟု လယ်စိုက်ဝန်ကြီးဌာနက ထုတ်ပြန်သည်။ Ref: Xinhua, Agriculture

Source: https://www.facebook.com/gromaxxmyanmar/?epa=SEARCH_BOX

## ဥရောပဈေးကွက် ရရှိသဖြင့် နှမ်းမျိုးစုံ ဈေးကောင်းနေ

ယခုနောက်ပိုင်းတွင် မြန်မာ့နှမ်းသည် ဓါတုဗေဒဆေးဝါး သုံးစွဲမှုနည်းလာခြင်းကြောင့် ဥရောပဈေးကွက်မှ ဝယ် ယူလာကြသည့်အတွက် ယခုနှစ်၌ နှမ်းရောင်စုံဈေးကွက်တွင် ဈေးကောင်းရရှိနေကြောင်း သိရသည်။

လက်ရှိ မြန်မာပြည်မှ နှမ်းမျိုးစုံကို အဓိက တင်ပို့နေရသည် ဥရောပနိုင်ငံများမှာ UK ၊ ဂျာမဏီ ၊ နယ်သာလန်၊ ဂရိနှင့် ပိုလန်တို့ဖြစ်ပြီး၊ ထိုနိုင်ငံများမှ နှမ်းကို ယခင်ကထက် ပိုမိုဝယ်ယူလာသည့်အတွက် ယခုအခါတွင် နှမ်း မျိုးစုံ၏ ဈေးမှာ နှစ်ဆခန့်အထိ မြင့်တက်လာကြောင်း သိရသည်။ "ဥရောပမှာ မြန်မာ့နှမ်းမျိုးစုံက နေရာကောင်းရတယ်။ အဓိကသုံးစွဲရတဲ့ အကြောင်းရင်းကလည်း မြန်မာပြည်က ထွက်တဲ့ နှမ်းတွေက သဘာဝအတိုင်းပေါ့။ ဓာတုဗေဒဆေးဝါးတွေ မသုံးတဲ့အတွက် ကြိုက်ကြတာ" ဖြစ်ကြောင်း သိရပါသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်းက ဥရောပဈေးကွက်တွင် မြန်မာ့နှမ်းမျိုးစုံ၏ ဈေးနှုန်းမှာ တစ်ပိဿာလျှင် နှမ်းဖြူ ၂,၂၀၀ ၊ နှမ်းညို ၂,၁၂၀ ခန့် ၊ နှမ်းနက် ၂,၁၁၀ ရှိခဲ့သော်လည်း၊ ၂၀၁၈ ခုနှစ်အတွင်း၌ နှမ်းဖြူ တစ်ပိဿာ လျှင် ၄,၃၅၀ ၊ နှမ်းညို ၄,၀၂၀ ၊ နှမ်းနက် ၅,၀၂၀ ပေါက်ဈေးများ ရှိခဲ့ပြီး ယခုနှစ်တွင်လည်း ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဈေးနှုန်းများထက် ပိုမိုရရှိလာနိုင်ကြောင်း ကုန်သည်များက ဆိုသည်။ " ဥရောပဘက်ကို ဒီထက်ပိုဈေးကွက် ဖောက်နိုင်ရင် နှမ်းစိုက်တောင်သူတွေ ပိုပြီးအဆင်ပြေလာမှာပါ။ အခုလည်း နှမ်းလုပ်ငန်းရှင်တွေက ဥရောပဈေးကွက်ဖက် ထပ်ချဲ့နေတယ် " ဟု မန္တလေးမြို့မှ နှမ်းကုန်သည်က ပြောသည်။

ဥရောပဈေးကွက်တွင် ဈေးကွက်ရလာသည့် မြန်မာ့နှမ်းမျိုးစုံကို ဥပရောပ နိုင်ငံများရှိ စားသောက်ဆိုင်များနှင့် မုန့်ဖုတ်လုပ်ငန်းများတွင် ပိုမိုအသုံးပြုလာကြကြောင်း သိရသည်။

Source:http://www.amiamyanmar.com/detail.aspx?id=5763

## တရုတ်ပြည်လိုအပ်နေတဲ့ငါး မြန်မာပြည်က ဖြည့်ပေးနိုင်တယ်လို့ သုတေသီပြော

တရုတ်နိုင်ငံမှာ ဟော့ပေါ့ဟင်းလုပ်တဲ့အခါ အဓိကသုံးနေတဲ့ ငါးတန်ငါးမျိုးတွေ အများအပြားလိုအပ်နေပြီး အဲဒီ လိုအပ်ချက်ကို မြန်မာပြည်က ဖြည့်ပေးနိုင်လိမ့်မယ်လို့ ငါးလုပ်ငန်းကျွမ်းကျင်သူတယောက်က ပြောကြားလိုက်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလက တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်မှာ မြန်မာနဲ့တရုတ်ပူးပေါင်းပြုလုပ်ခဲ့တဲ့ လုပ်ငန်းခွင်အသုံးချသင်တန်း တွေအတွင်း တောင်တရုတ်ပင်လယ် ငါးဖမ်းလုပ်ငန်းသုတေသန အင်စတီကျူက ကျွမ်းကျင်သူ ဂျောင်ဂျာဆောင်းက အခုလိုပြောလိုက်တာပါ။ အဲဒီသင်တန်းကို စကြ်နန်နဲ့ ပတ်လမ်းစီမံကိန်း BRI ရဲ့အစိတ်အပိုင်းတခုအဖြစ် တရုတ်နဲ့ အာဆီယံ နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ငါးတန်အသားလွှာတွေကိုဟော့ပေါ့နဲ့အတူ စားသုံးကြတာဖြစ်ပြီး တနှစ်ကို တန်ချိန်ပေါင်း ၁ ဒသမ ၅ သန်း ကနေ ၂ သန်းအထိ လိုအပ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် တရုတ်က တန်ချိန် ၂ သောင်းကနေ ၃ သောင်းအထိသာထုတ်လုပ်နိုင်ပြီး တန် ၇သိန်းလောက်ကို နိုင်ငံခြားကတင်သွင်းနေရတယ်လို့ သုတေသီ ဂျောင်ဂျာဆောင်း က ပြောပါတယ်။ လောလောဆယ်မှာ ဗီယက်နမ်နိုင်ငံဟာ အဲဒီ ငါးတန်ငါး အများဆုံးမွေးမြူနေတဲ့ နိုင်ငံဖြစ်ပြီး တနှစ်ကို တန်ချိန် ၁ ဒသမ ၄ သန်း နိုင်ငံခြားကိုတင်ပို့နေပါတယ်။ ဒါပေမယ့် ဗီယက်နမ်က အဲဒီ ငါးတွေကို အမေရိကန် ပြည်ထောင်စုကိုပဲ အဓိကတင်ပို့နေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ အဓိကဝင်နေတဲ့ ရေထွက်ပစ္စည်း တင်ပို့ရောင်းချမှုကနေ ၂၀၁၇-၂၀၁၈ ခုနှစ် အတွက် နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်း ၇၁၁ သန်းရရှိခဲ့တယ်လို့ မြန်မာစက်မှုဝန်ကြီးဌာနရဲ့ စာရင်းဇယားတွေအရ သိရပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ တဝက်လောက်သာကျယ်ဝန်းတဲ့ ဗီယက်နမ်နိုင်ငံဟာ မြန်မာနိုင်ငံထက် ရေထွက် ပစ္စည်းအမြောက်အများ ပြည်ပကို လစဉ် တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။

Source: https://www.facebook.com/rfaburmese/

## အထူးဆောင်းပါးများ

## အီးယူအခွန်ကောက်မှုကြောင့် ဆန်ဈေးကွက်ကို ဆိုးရွားစွာ ထိခိုက်မှုမရှိသော်လည်း ဈေးကွက်သစ်များ ရှာဖွေရန်လိုအပ်

ဥရောပသမဂ္ဂကနေ မြန်မာ့ဆန်တင်ပို့မှုတွေထဲက ဆန်အမျိုးအစားတစ်မျိုးဖြစ်တဲ့ ဧည့်မထအုပ်စု ဆန်လုံးရှည်တွေကို ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး အခွန်ကင်းလွတ်ခွင့် (ဂျီအက်စ်ပီ) အား သုံးနှစ်တာ ရပ်ဆိုင်းလိုက်တယ် လို့ ဇန်နဝါရီ ၁၆ ရက်မှာ ဆုံးဖြတ်ခဲ့ပါတယ်။ အဓိကတော့ အခြားအီးယူအဖွဲ့ဝင်နိုင်ငံတွေရဲ့ ဆန်ဈေးနှုန်းတွေထက် သက်သာတဲ့ ဈေးနှုန်းနဲ့ တင်သွင်းနေတာဖြစ်လို့ နစ်နာရတဲ့အတွက် အခုလို အခွန်ကင်းလွတ်ခွင့်ကို ရုပ်သိမ်းရတာဖြစ်တယ် လို့ သိရပါတယ်။ ဒီလိုသတ်မှတ်ချက်ဟာ ဇန်နဝါရီ ၁၈ ရက်မှာ စတင်သက်ရောက်တာဖြစ်ပါတယ်။

**ဆန်တင်ပို့မှုရိုက်ခတ်မှုမပြင်းထန်နိုင်**

ဆန်လုံးရှည်တွေကို အခွန်ကောက်မှာဖြစ်ပေမယ့် အခြားသော သီးနှံ၊ ရေထွက်ကုန်တွေနဲ့ ဆန်ကွဲလို တင်သွင်းဖူးခဲ့တဲ့ ထုတ်ကုန် တွေအပေါ်မှာတော့ အရင်အတိုင်း ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး အခွန်ကင်းလွတ်ခွင့် ဆက်လက် ရရှိနေမှာ ဖြစ်ပါတယ်။ “ အီးယူဘက်က ဧည့်မထအုပ်စုထဲက ဆန်လုံးရှည်တွေ တင်သွင်းတာကို အခွန်ကောက်ဖို့ရှိတယ် ပေါ့။ သူတို့ဥရောပ သမဂ္ဂ နိုင်ငံတွင်းက ဆန်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဘက်က ဈေးနှုန်းက တော်တော်လေး သက်သာတယ်လေ။ ဒါကြောင့် အခုလိုသတ်မှတ်လိုက်တာလို့ ပြောပါ တယ်။ ကျွန်တော်တို့ ဆန်ဈေးကွက်ကြီး တစ်ခုလုံးအပေါ်မှာတော့ ကြီးမားတဲ့ရိုက်ခတ်မှုလို့ မမြင်ပါဘူး။ ဒါပေမယ့် အခြားသင့်တော်တဲ့ ဈေးကွက်ကိုချဲ့ထွင်ဖို့တော့ သတိပေးလိုက်သလိုပါပဲ”လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ အထွေထွေအတွင်းရေးမှူးက ပြောပါတယ်။

စည်းကြပ်ခွန်တွေကို အီးယူကနေ ကောက်ခံမယ့်အစီအစဉ်ကတော့ ယခုနှစ် ၂၀၁၉ မှာ ဆန်တစ်တန်ကို ယူရို ၁၇၅ ဖြစ်ပြီး၊ ဒုတိယနှစ်မှာ ယူရို ၁၅၀၊ တတိယနှစ်မှာ ယူရို ၁၂၅ ဆိုပြီး သုံးနှစ်ကောက်ခံသွားမယ်လို့ သိရပါတယ်။ အီးယူဟာ ဥရောပဆန် ထုတ်လုပ်သူတွေရဲ့ ဂေဟစုကို တော်တော်များများထိခိုက်လာခဲ့တဲ့အတွက် မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံ ကနေ ဆန်တင်ပို့မှုတွေကို အခုလို ကန့်သတ်လိုက်ရတာဖြစ်ပြီး အခြားသော လူ့အခွင့်အရေး ကိစ္စရပ်များကြောင့် အရေးယူ ပိတ်ဆို့တာမျိုး မဟုတ်ဘူးလို့လည်း ဆိုထား ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အီးယူကို ဆန်တင်ပို့သူတွေအတွက်တော့ အထိုက်အလျောက် အခက်အခဲရှိလာနိုင်ပြီး တစ်တန်ကို အခုသတ်မှတ်တဲ့ စည်းကြပ်ခွန်ကောက်ခံပြီဆိုရင်တော့ တင်ပို့ဖို့ အခက်အခဲတွေရှိလာနိုင်သလို ပြည်ပတင်ပို့တဲ့ ဆန်ဈေးနှုန်းတွေ ကလည်း မြင့်တက်လာနိုင်သေးတယ်လို့ ဆန်ဈေးကွက် ကျွမ်းကျင်သူတွေက ဆိုပါတယ်။

“ဈေးကွက်က အမှာရှိတယ်ဆိုရင်တော့ ဈေးနှုန်းတွေက အပြောင်းအလဲရှိလာနိုင်တာပေါ့။ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့ တင်ပို့သူတွေဘက်ကလည်း အီးယူဈေးကွက်ကို သဘောကျပါတယ်။ အခွန်ကင်းလွတ်တဲ့အတွက် နစ်ဦးနစ်ဖက် အများကြီး အကျိုးရှိ

တယ်။ အခွန်မြင့်လိုက်မယ်ဆိုရင် ဘယ်လောက်အမှာရမလဲ ဆိုတာကိုလည်း ကြည့်ဖို့တော့ လိုပါတယ်” လို့လည်း ဆန်တင်ပို့သူတစ်ဦးက ဆိုပါတယ်။

**ဆန်ကွဲနဲ့ ပေါင်းဆန်တွေ အခွန်ကင်းလွတ်ခွင့်ရရှိနေသေး**

အီးယူကို တင်ပို့နေတဲ့အထဲမှာ ဆန်လုံးရှည်အပြင် ဆန်ကွဲ၊ ပေါ်ဆန်းနဲ့ ပေါင်းဆန် အမျိုးအစားတွေလည်းရှိပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်တဲ့ စာရင်းဇယားတွေအရ ပြည်ပကို ဆန်နဲ့ဆန်ကွဲ တင်ပို့မှုတွေမှာ ၂၀၁၃ ခုနှစ်က တန်ချိန် ၁၄၂၃၇၀၁ တန်၊ ၂၀၁၄ ခုနှစ်က တန်ချိန် ၁၂၆၂၆၁၇ တန်၊ ၂၀၁၅ ခုနှစ်က တန်ချိန် ၁၈၄၀၅၈၇ တန်၊ ၂၀၁၆ ခုနှစ်က တန်ချိန် ၁၄၉၃၂၄၅ တန်၊ ၂၀၁၇ ခုနှစ်က တန်ချိန် ၁၇၅၀၅၆၂ တန်နဲ့ ၂၀၁၈ ခုနှစ်မှာ တန်ချိန် ၃၅၉၀၀၄၁ တန်အထိ တင်ပို့ထားတဲ့အထဲမှာ အီးယူနိုင်ငံတွေကို ဆန်တင်ပို့တဲ့ ပမာဏက နှစ်ရာခိုင်နှုန်း ဝန်းကျင်သာရှိပြီး တရုတ်ကိုတင်ပို့မှုက တင်ပို့မှု စုစုပေါင်းရဲ့ ထက်ဝက်နီးပါးရှိပြီး မလေးရှား၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်၊ တောင်ကိုရီးယား အစရှိတဲ့ နိုင်ငံအများစု တင်ပို့မှုတွေကြောင့် ထိခိုက်မှုမများဘူးလို့ ဆိုနိုင်ပါတယ်။ အီးယူကို တင်သွင်းတဲ့အခါမှာလည်း စုစုပေါင်း ပမာဏရဲ့ သုံးပုံတစ်ပုံသာ ဆန်လုံးရှည်ဖြစ်တဲ့အတွက် အခြားဆန်ကွဲ အပါအဝင် ပေါင်းဆန်တွေ တင်ပို့နိုင်သေးတဲ့အတွက် အခွင့်အလမ်းတွေ ကျန်ရှိနေတယ်လို့ သိရပါတယ်။

“သေချာတာကတော့ ကျွန်တော်တို့ဆီက တင်ပို့တဲ့အခါ အခွန်စည်းကြပ်မှုကြောင့် ဆန်လုံးရှည်တွေ ဥရောပကို ရောက်နိုင်မယ့် အခွင့်အလမ်းကတော့ မရှိသလောက်နည်းသွားနိုင်တယ်။ ဒါပေမယ့် အခြားဈေးကွက်တွေကို ဖောက်ထွက်ဖို့ လိုအပ်ပါတယ်။ အီးယူမဟုတ်တဲ့ အခြားဥရောပနိုင်ငံတွေလည်း ရှိသေးတယ်ဆိုတော့ အခွင့်အလမ်းကို ထပ်ပြီးရှာဖွေရဦး မှာပါ။ စားဆန်လို့ ကျွန်တော်တို့ခေါ်တဲ့ ဧည့်မထအုပ်စုက အဓိကုန်သွယ်နေတာ တရုတ်နိုင်ငံကို ဖြစ်ပါတယ်။ ဈေးတွေကတော့ အီးယူစည်းကြပ်လိုက်တဲ့အတွက် သိသိသာသာ မြင့်တက်သွားတာမျိုး မရှိပါဘူး။ ဆန်တင်ပို့မှုကို ကြည့်တဲ့အခါ အားလုံးသိတဲ့အတိုင်း ယမန်နှစ်က တန်ချိန် ၃ ဒသမ ၆ သန်းနီးပါးအထိ တင်ပို့ထားနိုင်တယ်။ နိုင်ငံတော်အတွက်လည်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံလောက် ရှာပေးနိုင်ခဲ့တယ်။ ဒီနှစ်က ဒေါ်လာဈေးကလည်း မြင့်တယ်။ ပတ်ဝန်းကျင် နိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်တို့ ထိုင်းတို့မှာလည်း ဆန်ဈေးက အကျဘက်မှာရှိနေတယ်။ အများကြီး တက်မလာပါဘူး။ ပြည်တွင်းက အဲဒီလိုဈေးနဲ့ယှဉ်ပြီး ရောင်းနိုင်ဖို့အတွက် အခက်အခဲတွေရှိတယ်။ ဒါကြောင့် မူလကတည်းက ဆန်တင်ပို့မှုက ဒီနှစ်မှာ မနှစ်က ကာလတူကို မမီနိုင်ပါဘူး။ တစ်လတစ်လမှာ တင်ပို့တဲ့ အနေအထားကလည်း တန်ချိန် နှစ်သိန်းအောက်ပဲ ရှိနေတာဆိုတော့ တင်ပို့သူတွေကလည်း ချိန်ဆထားပြီးသားမို့ အထိအခိုက်နည်းတယ်လို့ ဆိုနိုင်သလို စိုက်ပျိုးသူတွေ ဘက်ကနေကြည့်ရင်လည်း ဈေးကွက်ဝယ်လိုအား လျော့ကျတာကို ကြိုတင်ပြင်ဆင် စိုက်ပျိုးထားတယ်လို့ ယူဆရပါတယ်။ ဒါပေမယ့် တင်ပို့မှုအနေနဲ့ လျော့ကျသွားနိုင်တဲ့အတွက် တန်ချိန် နှစ်သန်းကနေ နှစ်သန်းခွဲအကြားတောင် တင်ပို့နိုင်ဖို့ ခက်ခဲလာနိုင်တယ်” လို့ ဆန်စပါး တင်ပို့ရောင်းချသူက သုံးသပ်ပြပါတယ်။

**ဂျီအက်စ်ပီဆိုတာဘာလဲ**

အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ် (Generalized System of Preferences- GSP) ဆိုတာ ဖွံ့ဖြိုးဆဲ နိုင်ငံတွေရဲ့ သတ်မှတ်ချက်အရည်အချင်းညီတဲ့ ပို့ကုန်ပစ္စည်းတွေကို ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ဈေးကွက်မှာ အလွယ်တကူ ဝင်လာနိုင်ဖို့ အစီအစဉ်ဖြစ်ပါတယ်။ ဒါကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် ဖွံ့ဖြိုးပြီးနိုင်ငံတွေက ပုံမှန်ကောက်နေကျ အခွန်နှုန်း တွေလျှော့ချတာ၊ ကင်းလွတ်တာတွေပေးတဲ့ စနစ်ဖြစ်ပါတယ်။ အခွင့်အရေးပေးတဲ့ နိုင်ငံ ၃၉ နိုင်ငံရှိပြီး တစ်နိုင်ငံချင်းက သီးခြားအစီအစဉ်တွေနဲ့ ရှိသလို အီးယူအဖွဲ့ဝင်နိုင်ငံတွေကတော့ အစီအစဉ်တွေကို အညီအညွတ်ချမှတ်ပါတယ်။ ဩစတြေးလျ၊ ဘီလာရုစ်၊ ကနေဒါ၊ အိုက်စ်လန်၊ ဂျပန်၊ နယူးဇီးလန်၊ နော်ဝေ၊ ရုရှား၊ ဆွစ်ဇာလန်၊ တူရကီ၊ အမေရိကန်နဲ့ ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံတွေပဲဖြစ်တာကြောင့် မြန်မာ့ပို့ကုန် လုပ်ငန်းရှင်တွေအနေနဲ့ ကျန်ရှိတဲ့နိုင်ငံတွေကို ချိတ်ဆက် တင်ပို့နိုင်ဖို့ ပိုပြီးဈေးကွက်ရှာဖွေ သင့်တယ်လို့ စီးပွားရေးကျွမ်းကျင်သူတွေက ခန့်မှန်းပါတယ်။

သို့သော်လည်း ဂျီအက်စ်ပီအစီအစဉ်ဆိုတာ တစ်ဖတ်သတ် အခွင့်အရေးပေးတဲ့ စနစ်ဖြစ်တဲ့အတွက် တင်ပို့ခွင့်ပေးတဲ့ နိုင်ငံတွေရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမှာပဲ ဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်မှာ အီးယူက ဂျီအက်စ်ပီစနစ်ကို မြန်မာနိုင်ငံကိုပေးဖို့ ငြင်းပယ်ခဲ့ပေမယ့် ၂၀၁၁ ခုနှစ်မှာ ဂျီအက်စ်ပီကို ပြန်ပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ အီးယူရဲ့ ဂျီအက်စ်ပီ အစီအစဉ်တွေထဲက တစ်ခုဖြစ်တဲ့ Everything But Arms အစီအစဉ်ကို ပေးခဲ့ပြီး လက်နက်ခဲယမ်းမှ ကုန်စည်အားလုံးကို အကောက်ခွန်ကင်းလွတ်ခွင့်နဲ့ အရေအတွက် ကန့်သတ်တာတွေကို ကင်းလွတ်ခွင့် Duty Free and Quota free ကိုရရှိခဲ့တာပါ။ အဲဒီကတည်းက အီးယူဈေးကွက်ကို ဆန်၊ ပဲ၊ ငါး၊ ပုစွန်၊ သစ်အချောထည်နဲ့ အဝတ်အထည်၊ လက်ခစားစနစ် စတာတွေ တင်ပို့နိုင်ခဲ့တာကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ သိရှိရပါတယ်။ အီးယူဟာ ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းမှာ မူလတင်ပို့တဲ့ မှတ်ပုံတင်

စနစ်အစား ပို့ကုန်တင်ပို့သူများ မှတ်ပုံတင်စနစ် (Registered Exporter System-REX System) ကို ပြောင်းလဲသုံးစွဲဖို့ ထုတ်ပြန်ခဲ့တဲ့အတွက် မြန်မာနိုင်ငံဟာလည်း လိုက်ပါပြောင်းလဲပြီး ပုံစံအသစ်နဲ့ တင်ပို့နိုင်ဖို့ ကြိုးစားပြင်ဆင်နေတာဖြစ်ပါ တယ်။

**ကုန်သွယ်ဖက်နိုင်ငံတွေ တိုးပွားဖို့ကြိုးစား**

မြန်မာနိုင်ငံဟာ အမျိုးသားပို့ကုန်မဟာဗျူဟာကိုလည်းရေးဆွဲပြီး ကြိုးစားပြုပြင်လို့ ပို့ကုန်တွေကို မြှင့်တင်နေတာပါ။ အဲဒီအထဲမှာ ဆန်စပါးကဏ္ဍဟာလည်း အရေးကြီးတဲ့ ကဏ္ဍဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံးရဲ့ ထက်ဝက်ကျော် စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်ကုန် ဂျီဒီပီရဲ့ ၁၃ ရာခိုင်နှုန်းရှိပါတယ်။

“ကျွန်တော်တို့ လုပ်နိုင်တာက ကိုယ့်ထုတ်လုပ်မှု စွမ်းရည်တွေမြှင့်တာ၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုတွေကို လျှော့ချပြီး ဈေးကွက်တွေပိုရအောင် ကြိုးစားကြဖို့ကတော့ ရေရှည်ရည်မှန်းချက်ထားပြီး လုပ်ကြရမှာဖြစ်ပါတယ်။ အိမ်နီးချင်း တိုင်းပြည်တွေကိုပဲ အားကိုးလို့မရနိုင်သလို ကုန်သွယ်မှု မူဝါဒတွေ၊ စည်းမျဉ်းစည်းကမ်းတွေကိုလည်း တိတိကျကျ လိုက်နာကြဖို့တော့ လိုအပ်ပါတယ်။ တင်ပို့တဲ့နေရာမှာလည်း အပျက်အစီးအနည်းဆုံးနဲ့ ထိခိုက်မှု၊ ဈေးနိမ့်တာမျိုး မဖြစ်အောင်လည်း ပိုင်းဝန်းကာကွယ်ကြဖို့ လိုပါတယ်။ ဒီလိုသာဆိုရင်တော့ အီးယူရဲ့ အခွန်အခကောက်ခံတဲ့အတွက် ဈေးကွက်ဝေစုအားနည်းသွားတဲ့အပေါ်မှာ အတော်လေးခုသာ ခံသာရှိမယ်လို့ထင်ပါတယ်”လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI )မှ ပြောပါတယ်။

အီတလီနိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ တောင်းဆိုချက်တစ်ရပ်ဖြစ်တဲ့ မြန်မာ၊ ကမ္ဘောဒီးယားတို့က ဆန်တင်ပို့တာတွေ များပြားလာတဲ့အတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တဲ့ အီးယူနိုင်ငံတွေရဲ့ ဈေးကွက်ဝေစုလျော့နည်းလာခဲ့တာကြောင့်ဆိုတဲ့ တောင်းဆိုချက်ကို ဥရောပနိုင်ငံများဖြစ်တဲ့ ဟန်ဂေရီ၊ ဂရိ၊ ဘူလ်ဂေးရီးယား၊ စပိန်၊ ပြင်သစ်၊ ပေါ်တူကီ၊ ရိုမေးနီးယားတို့က ထောက်ခံခဲ့ကြတဲ့အတွက် အခုလိုစည်းကြပ်လိုက်ခြင်း ဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ ဆန်စပါးကုန်သည်တွေဟာ အာရှဒေသရဲ့ ဆန်တင်ပို့မှုကို လေ့လာနေကြတာကိုလည်းမြင်တွေ့ရပြီး အာရှကုန်းတွင်းပိုင်းနဲ့ အရှေ့အလယ်ပိုင်း ဒေသတွေဆီ ဈေးကွက်ဖြန့်ကြက်နေတာကိုလည်း တွေ့ရပါတယ်။ အာဆီယံနိုင်ငံတွေအပြင် ဂျပန်၊ တရုတ်(တိုင်ပေ) လို အရှေ့အာရှနိုင်ငံတွေ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတွေဖြစ်တဲ ကူဝိတ်၊ ကာတာ၊ ယီမင် အစရှိတဲ့ နိုင်ငံတွေနဲ့လည်း ကုန်သွယ်မှုရှိတာကြောင့် ဈေးကွက်ချဲ့ထွင်ဖို့တော့ အချိန်အခါကောင်းဖြစ်နိုင်တယ်လို့ ပို့ကုန်လုပ်ငန်းရှင်အချို့ကလည်း ထောက်ပြပါတယ်။

**နိုင်ငံအလိုက်ပို့ကုန်တင်ပို့မှုအများဆုံးနိုင်ငံများ(ဆန်)**

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | ၂၀၁၂-၂၀၁၃ | | ၂၀၁၃-၂၀၁၄ | | ၂၀၁၄-၂၀၁၅ | |
|---|---|---|---|---|---|---|
| ၁ | ထိုင်း | ၄၀၀၀.၅၇၇ | ထိုင်း | ၄၃၀၄.၀၁၉ | တရုတ် | ၄၆၉၂.၄၆၁ |
| ၂ | တရုတ် | ၂၂၃၈.၀၆၉ | တရုတ် | ၂၉၁၃.၆၃၄ | ထိုင်း | ၄၀၃၁.၇၅၆ |
| ၃ | အိန္ဒိယ | ၁၀၀၁၈.၆၉၂ | အိန္ဒိယ | ၁၁၄၃.၃၈၆ | စင်ကာပူ | ၇၅၈.၅၃၅ |
| ၄ | ဂျပန် | ၄၀၆.၄၈၇ | စင်ကာပူ | ၆၉၄.၀၂၇ | အိန္ဒိယ | ၇၄၅.၈၀၄ |
| ၅ | စင်ကာပူ | ၂၉၁.၃၅၀ | ဂျပန် | ၅၁၃.၂၄၅ | ဂျပန် | ၅၅၅.၆၅၃ |
| ၆ | တောင်ကိုရီးယား | ၂၈၀.၇၇၆ | ဟောင်ကောင် | ၄၈၉.၁၀၃ | တောင်ကိုရီးယား | ၃၆၉.၆၀၄ |
| ၇ | မလေးရှား | ၉၇.၉၇၇ | တောင်ကိုရီးယား | ၃၅၂.၉၁၈ | ဟောင်ကောင် | ၂၈၈.၅၂၇ |
| ၈ | ဗီယက်နမ် | ၈၁.၂၄၃ | ဗီယက်နမ် | ၁၁၁.၁၅၅ | မလေးရှား | ၂၆၄.၄၉၉ |
| ၉ | ကူဝိတ် | ၅၁.၅၆၅ | မလေးရှား | ၁၀၈.၈၆၈ | အင်ဒိုနီးရှား | ၈၆.၀၄၅ |
| ၁၀ | ဂျာမနီ | ၄၂.၉၇၉ | အာရပ်စော်ဘွားများ | ၆၆.၀၃၃ | ဗီယက်နမ် | ၈၀.၁၈၁ |

| စဉ် | ၂၀၁၅-၂၀၁၆ | | ၂၀၁၆-၂၀၁၇ | | ၂၀၁၇-၂၀၁၈ ယာယီ | |
|---|---|---|---|---|---|---|
| ၁ | တရုတ် | ၄၅၉၆.၉၆၂ | တရုတ် | ၅၀၅၅.၄၈၈ | တရုတ် | ၅၆၈၅.၅၉၃ |
| ၂ | ထိုင်း | ၂၈၉၃.၁၈၀ | ထိုင်း | ၂၂၀၂.၂၃၄ | ထိုင်း | ၂၈၄၆.၀၆၆ |
| ၃ | အိန္ဒိယ | ၉၀၄.၁၆၂ | အိန္ဒိယ | ၉၄၃.၄၇၆ | ဂျပန် | ၉၅၆.၀၃၂ |
| ၄ | စင်ကာပူ | ၇၂၅.၄၃၄ | ဂျပန် | ၇၈၄.၂၅၇ | စင်ကာပူ | ၇၅၃.၄၉၅ |
| ၅ | ဂျပန် | ၃၉၃.၇၅၃ | စင်ကာပူ | ၄၇၂.၇၆၄ | အိန္ဒိယ | ၆၀၇.၂၅၃ |
| ၆ | ဟောင်ကောင် | ၂၈၂.၈၀၈ | တောင်ကိုရီးယား | ၃၄၂.၄၃၂ | ဂျာမနီ | ၈၀.၀၆၀ |
| ၇ | တောင်ကိုရီးယား | ၂၅၉.၉၄၅ | ဂျာမနီ | ၂၁၉.၇၄၂ | ဟောင်ကောင် | ၃၆၃.၀၄၁ |
| ၈ | မလေးရှား | ၁၆၁.၃၂၀ | ဟောင်ကောင် | ၂၀၄.၁၆၅ | ဗြိတိန် | ၃၁၁.၂၇၀ |
| ၉ | အင်ဒိုနီးရှား | ၁၃၉.၈၃၆ | အမေရိကန် | ၁၉၂.၀၄၉ | တောင်ကိုရီးယား | ၃၀၃.၂၅၇ |
| ၁၀ | ဂျာမနီ | ၈၅.၀၄၀ | မလေးရှား | ၁၅၉.၀၀၉ | အမေရိကန် | ၂၈၆.၇၁၅ |

Source: မြန်မာ့အလင်းသတင်းစာ

# ကုန်သွယ်မှုအခြေအနေ

## ၂၀၁၉၊ ဇန်နဝါရီလ အဓိကပို့ကုန် (၁၀) မျိုး/အဓိက သွင်းကုန် (၁၀) မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 61005152.814 | 340.068 | | 1 | ရေနံထွက်ပစ္စည်းများ | 243.296 |
| 2 | ဆန် | မတန် | 203046.824 | 62.674 | | 2 | ချည်ထည်များ | 115.292 |
| 3 | (က)မတ်ပဲ | မတန် | 67346.924 | 36.150 | | 3 | စက်နှင့်စက်ပစ္စည်းများ | 73.099 |
| 4 | ငါး | မတန် | 27989.956 | 27.048 | | 4 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 65.846 |
| 5 | သတ္တုနှင့်သတ္တုရိုင်းများ | မတန် | 10697.846 | 26.994 | | 5 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 52.282 |
| 6 | ပြောင်း | မတန် | 126006.865 | 25.206 | | 6 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 48.412 |
| 7 | သဘာဝဓါတ်ငွေ့ | kg | 2647074.452 | 25.194 | | 7 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 44.884 |
| 8 | ရာဘာစိမ်း | မတန် | 17703.348 | 21.766 | | 8 | ဆေးဝါးပစ္စည်းများ | 44.121 |
| 9 | နှမ်း | မတန် | 9492.068 | 15.907 | | 9 | စားအုန်းဆီ | 33.753 |
| 10 | (ဂ)ပဲစဉ်းငုံ | မတန် | 23549.410 | 11.617 | | 10 | သံနှင့်သံမဏိပစ္စည်းများ | 29.630 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

US$-Million

| စဉ် | ပို့ကုန်အုပ်စု | ၂၀၁၇-၂၀၁၈ (၁၈-၁-၂၀၁၈) ထိ) | ၂၀၁၈-၂၀၁၈၉ (၁၈-၁-၂၀၁၈) ထိ ) | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၁၇-၂၀၁၈ (၁၈-၁-၂၀၁၈) | ၂၀၁၈ -၂၀၁၉ (၁၈-၁-၂၀၁၉) | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 910.776 | 957.236 | 46.460 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 1886.227 | 1758.415 | -127.812 |
| ၂ | တိရိစ္ဆာန်ထွက် | 17.814 | 217.229 | 199.415 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 2077.858 | 1998.240 | -79.618 |
| ၃ | ရေထွက် | 238.709 | 267.569 | 28.860 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 432.556 | 308.032 | -124.524 | | ၃ | လူသုံးကုန်ပစ္စည်း | 1101.684 | 1017.867 | -83.817 |
| ၅ | သစ်တောထွက် | 61.083 | 53.975 | -7.108 | | ၄ | CMP | 536.989 | 673.101 | 136.112 |
| ၆ | စက်မှုကုန်ချော | 1854.858 | 2331.267 | 476.409 | | | | | | |
| ၇ | အခြား | 480.773 | 228.687 | -252.086 | | | | | | |
| | **စုစုပေါင်း** | **3996.569** | **4363.995** | **367.426** | | | **စုစုပေါင်း** | **5602.758** | **5447.623** | **-155.135** |

# ကုန်စည်ဒိုင် စျေးနှုန်းများ

## ၂၀၁၉၊ ဇန်နဝါရီလ အတွင်း မြို့နယ်အလိုက် ဆန်တစ်အိတ်စျေးနှုန်း

| မြို့နယ် | ဆန်(မိုး) ရှယ် ၅% | ပေါ်ဆန်း | ရွှေဘိုပေါ်ဆန်း ဟောင်း | ရွှေဘိုပေါ်ဆန်း သစ် | ဧည့်မထဆန် ၂၅% |
|---|---|---|---|---|---|
| ဖျာပုံ | 21000-21500 | 36000-37000 | | | 19000-19300 |
| မြောင်းမြ | 21000-21500 | 42000-44000 | | | 19200-19300 |
| ဒေးဒရဲ | 21000-21500 | 36000-37000 | | | 19000-19300 |
| ဂါးခယ်မ | 21000-21500 | 36000-37000 | | | 19000-19300 |
| ဘိုကလေး | 21000-21500 | 34000-36000 | | | 19000-19300 |
| မော်ကျွန်း | 21000-21500 | 36000-37000 | | | 19000-19300 |
| လပွတ္တာ | 21000-21500 | 36000-37000 | | | 19000-19300 |
| ကျိုက်လတ် | 21000-21500 | 34000-36000 | | | 19000-19300 |
| ဘုရင့်နောင် | 21000-21500 | | 60000-63000 | 47000-48000 | 19000-19300 |

**Source: MRF**

## ၂၀၁၉၊ ဇန်နဝါရီလ အတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း(ကျပ်)(ဧရာဝတီတိုင်း)

| စဉ် | ရက်စွဲ | ပေါ်ဆန်း | | | ဧည့်မထ | | | ငစိန် | | | ဆန်ကွဲ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.1.19 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 197000 | 19500 | 19000 | 20500 | 19500 | 19000 |
| 2 | 3.1.19 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 197000 | 19500 | 19000 | 20500 | 19500 | 19000 |
| 3 | 7.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 4 | 8.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 5 | 9.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 6 | 10.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 7 | 11.1.19 | 35000 | 34000 | 33000 | 21500 | 21200 | 20500 | 197000 | 19500 | 18000 | 20500 | 19500 | 19000 |
| 8 | 14.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 19000 | 19500 | 18500 | 18000 |
| 9 | 15.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 10 | 16.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 11 | 17.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 12 | 18.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 13 | 21.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 14 | 22.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 15 | 23.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 16 | 24.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 17 | 25.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 18 | 28.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 19 | 29.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 20 | 30.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |
| 21 | 31.1.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 197000 | 19500 | 18000 | 19500 | 18500 | 18000 |

Source: ဝါးတန်းကုန်စည်ဒိုင်

## ၂၀၁၉၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| 1 | 2.1.19 | 744000 | 736000 | | 1142100 | 796100-817500 | 1595300-1812700 |
| 2 | 3.1.19 | 740000 | | 967800-992100 | 1224800 | 783900-796100 | 1384000-1598300 |
| 3 | 7.1.19 | 743000 | 740000 | 989000-1001300 | 1224800-1276800 | 796100-808400 | 1328900-1546300 |
| 4 | 8.1.19 | 752000 | 749000 | 998200-1010400 | 1172700-1224800 | 796100-817500 | 1384000-1546300 |
| 5 | 9.1.19 | 722000 | | 967800-1001300 | 1151300-1175800 | 783900-796100 | 1328900-1491200 |
| 6 | 10.1.19 | 701000 | 692000 | 998200-1010400 | 1132900-1154400 | 783900-808400 | 1328900-1546300 |
| 7 | 11.1.19 | 720000 | 725000 | 998200-1010400 | 1132900-1154400 | 783900-808400 | 1328900-1546300 |
| 8 | 14.1.19 | 696000 | 705000 | 967600-1001300 | 1172700 | 783900-796100 | 1328900-1546300 |
| 9 | 15.1.19 | 710000 | 715000 | 998200-1010400 | 1172700 | 774700-786900 | 1328900-1546300 |
| 10 | 16.1.19 | 704000 | 711000 | 979800-992100 | 1172700-1224800 | 783900-796100 | 1328900-1546300 |
| 11 | 17.1.19 | 699000 | | 979800-992100 | 1172700 | 774700-786900 | 1328900-1598300 |
| 12 | 18.1.19 | 712000 | | 967600-992100 | 1172700-1255400 | 753200-765500 | 1328900-1598300 |
| 13 | 21.1.19 | 730000 | 800000 | 979800-992100 | 1273800 | 774700-786900 | 1328900-1598300 |
| 14 | 22.1.19 | 718000 | 790000 | 989000-1001300 | 1273800 | 771600-786900 | 1328900-1598300 |
| 15 | 23.1.19 | 722000 | 769000 | 979800-1001300 | 1255400-1276800 | 774700-786900 | 1384000-1598300 |
| 16 | 24.1.19 | 704000 | 755000 | 967600-1001300 | 1243200-1276800 | 765500-777700 | 1384000-1598300 |
| 17 | 25.1.19 | 703000 | | 989000-1001300 | 1273800 | 783900-796100 | 1384000-1598300 |
| 18 | 28.1.19 | 705000 | 787000 | 967600-1001300 | 1243200-1276800 | 774700-786900 | 1384000-1598300 |
| 19 | 29.1.19 | 681000 | 762000 | 967600-1001300 | 1325800-1344200 | 783900-796100 | 1384000-1598300 |
| 20 | 30.1.19 | 629000 | | 967600-1001300 | 1304400 | 765500-786900 | 1384000-1705500 |
| 21 | 31.1.19 | 604000 | 710000 | 967600-1001300 | 1304400 | 783900-796100 | 1384000-1598300 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၉၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ (မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ် (မြစ်ဝကျွန်းပေါ်) (အထွက်ထိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 2.1.19 | 140500-1518700 | 673600-685900 | 581800-594000 | 612600-633800 | 294000-306200 |
| 2 | 3.1.19 | 1408500-1463600 | 652200-658300 | 569500-594000 | 581800-594000 | 306200-318400 |
| 3 | 7.1.19 | 1408500-1518700 | 652200-664400 | 581800-594000 | 591000-603200 | 294000-306200 |
| 4 | 8.1.19 | 1408500-1518700 | 652200-664400 | 560300-581800 | 591000-603200 | 306200-318400 |
| 5 | 9.1.19 | 1408500-1463600 | 652200-664400 | 560300-594000 | 600100-612400 | 294000-306200 |
| 6 | 10.1.19 | 1408500-1518700 | 661400-673600 | 560300-612400 | 600100-612400 | 294000-306200 |
| 7 | 11.1.19 | 1408500-1518700 | 661400-673600 | 560300-612400 | 600100-612400 | 294000-306200 |
| 8 | 14.1.19 | 1353400-1411600 | 652200-664400 | 581800-633800 | 612400-633800 | 294000-306200 |
| 9 | 15.1.19 | 1408500-1518700 | 652200-664400 | 581800-594000 | 612400-624600 | 294000-306200 |
| 10 | 16.1.19 | 1353400-1377900 | 652200-664400 | 560300-594000 | 621600-633800 | 294000-306200 |
| 11 | 17.1.19 | 1353400-1377900 | 652200-664400 | 560300-594000 | 621600-633800 | 294000-306200 |
| 12 | 18.1.19 | 1298300-1322800 | 652200-664400 | 560300-612400 | 612400-624600 | 294000-306200 |
| 13 | 21.1.19 | - | 652200-664400 | 560300-581800 | 612400-624600 | 294000-306200 |
| 14 | 22.1.19 | - | 643000-655300 | 560300-581800 | 612400-624600 | 306200-318400 |
| 15 | 23.1.19 | - | 630800-643000 | 560300-581800 | 621600-633800 | 294000-306200 |
| 16 | 24.1.19 | - | 600100-612400 | 560300-581800 | 621600-633800 | 294000-306200 |
| 17 | 25.1.19 | - | 612400-614600 | 560300-581800 | 612400-624600 | 294000-306200 |
| 18 | 28.1.19 | - | 591000-603200 | 560300-603200 | 612600-633800 | 306200-318400 |
| 19 | 29.1.19 | - | 591000-603200 | 560300-572600 | 621600-633800 | 306200-318400 |
| 20 | 30.1.19 | - | 591000-603200 | 560300-581800 | 621600-633800 | 306200-318400 |
| 21 | 31.1.19 | - | 591000-603200 | 560300-581800 | 630800-643000 | 294000-306200 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၉၊ ဇန်နဝါရီလ ၏ နေ့စဉ် ရော်ဘာဈေးနှုန်း

| No | Date | RSS-3 |
|---|---|---|
| 1 | 2.1.19 | 710 |
| 2 | 3.1.19 | 710 |
| 3 | 7.1.19 | 720 |
| 4 | 8.1.19 | 720-725 |
| 5 | 9.1.19 | 735 |
| 6 | 10.1.19 | 735 |
| 7 | 11.1.19 | 740 |
| 8 | 14.1.19 | 740 |
| 9 | 15.1.19 | 735 |
| 10 | 16.1.19 | 735-740 |
| 11 | 17.1.19 | 740 |
| 12 | 18.1.19 | 745 |
| 13 | 21.1.19 | 750-755 |
| 14 | 22.1.19 | 750-745 |
| 15 | 23.1.19 | 750 |
| 16 | 24.1.19 | 750 |
| 17 | 25.1.19 | 750 |
| 18 | 28.1.19 | 750 |
| 19 | 29.1.19 | - |
| 20 | 30.1.19 | 735-730 |
| 21 | 31.1.19 | 720 |

Source: မုဒုံဈေး





## ၂၀၁၉၊ ဇန်နဝါရီလ ၏ နေ့စဉ် စက်သုံးဆီ ၁ လီတာဈေးနှုန်း

| No | Date | Yangon | | Mandalay | |
|---|---|---|---|---|---|
| | | အောက်တိန်း | ဒီဇယ်ဆီ | အောက်တိန်း | ဒီဇယ်ဆီ |
| 1 | 2.1.19 | 640 | 764 | 658 | 782 |
| 2 | 3.1.19 | 640 | 764 | 658 | 782 |
| 3 | 7.1.19 | 653 | 791 | 689 | 813 |
| 4 | 8.1.19 | 653 | 804 | 702 | 813 |
| 5 | 9.1.19 | 667 | 809 | 711 | 822 |
| 6 | 10.1.19 | 667 | 813 | 711 | 822 |
| 7 | 11.1.19 | 667 | 813 | 711 | 827 |
| 8 | 14.1.19 | 676 | 822 | 724 | 827 |
| 9 | 15.1.19 | 676 | 829 | 724 | 827 |
| 10 | 16.1.19 | 689 | 829 | 711 | 827 |
| 11 | 17.1.19 | 689 | 829 | 711 | 827 |
| 12 | 18.1.19 | 689 | 829 | 711 | 827 |
| 13 | 21.1.19 | 689 | 829 | 727 | 844 |
| 14 | 22.1.19 | 689 | 829 | 727 | 844 |
| 15 | 23.1.19 | 689 | 829 | 720 | 840 |
| 16 | 24.1.19 | 689 | 829 | 720 | 836 |
| 17 | 25.1.19 | 689 | 829 | 720 | 836 |
| 18 | 28.1.19 | 689 | 829 | 716 | 836 |
| 19 | 29.1.19 | 689 | 824 | 707 | 831 |
| 20 | 30.1.19 | 689 | 824 | 707 | 831 |
| 21 | 31.1.19 | 689 | 824 | 707 | 831 |

Source: e trade Myanmar

## ပြည်ပတင်ပို့သော ဈေးနှုန်းများ (FOB)

## ၂၀၁၉၊ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော (FOB) ဆန်ဈေးနှုန်းများ

| Name | 2.1.2019 to 8.1.2019 | 9.1.2019 to 15.1.2019 | 16.1.2019 to 22.1.2019 | 23.1.2019 to 29.1.2019 |
|---|---|---|---|---|
| Emata 5 % | 380-390 | 380-390 | 380-390 | 380-390 |
| Emata 10 % | 370-380 | 370-380 | 370-380 | 370-380 |
| Emata 15% | 350-360 | 350-360 | 350-360 | 350-360 |
| Emata 25 % | 340-350 | 340-350 | 340-350 | 340-350 |
| Emata 35 % | 335-340 | 335-340 | 335-340 | 335-340 |
| Ngasein 5% | 370-380 | 370-380 | 370-380 | 370-380 |
| Ngasein 15% | 355-365 | 355-365 | 355-365 | 355-365 |
| Ngasein 20% | 350-355 | 350-355 | 350-355 | 350-355 |
| Ngasein 25% | 330-335 | 330-335 | 330-335 | 330-335 |
| A 1-2 | 315-320 | 315-320 | 315-320 | 315-320 |
| B 1-2 | 310-320 | 310-320 | 310-320 | 310-320 |
| B 2-3-4 | 305-310 | 305-310 | 305-310 | 305-310 |
| B 1&Extra | 315-320 | 315-320 | 315-320 | 315-320 |
| Glutinous 5 % | 425-430 | 425-430 | 425-430 | 425-430 |
| Glutinous 25 % | 400-410 | 400-410 | 400-410 | 400-410 |
| Parboiled Rice 5% | 460-465 | 460-465 | 460-465 | 460-465 |
| Parboiled Rice 10% | 450-455 | 450-455 | 450-455 | 450-455 |
| Parboiled Rice 15% | 435-440 | 435-440 | 435-440 | 435-440 |

Source: MRF

## ၂၀၁၉၊ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ

| ပဲအမျိုးအစား | | 02.1.19 to 11.1.19 | 14.1.19 to 18.1.19 | 21.1.19 to 25.1.19 | 28.1.19 to 31..1.19 |
|---|---|---|---|---|---|
| မတ်ပဲ (2018 crop) | FAQ | 460-480 | 465-485 | 475-495 | 420-440 |
| | SQ | 580-600 | 485-505 | 595-615 | 540-560 |
| | အခွံချွတ် အလုံး/အခြမ်း | 660-690 | 665-695 | 680-710 | 600-630 |
| | အခွံပါ အခြမ်း | 575-600 | 585-610 | 595-620 | 525-550 |
| မတ်ပဲ (2017 crop) | FAQ | 440-460 | | 465-485 | 410-430 |
| | SQ | 560-580 | | 585-605 | 530-550 |
| | အခွံချွတ် အလုံး/အခြမ်း | 630-660 | | 665-695 | 590-615 |
| | အခွံပါ အခြမ်း | 550-575 | | 585-610 | 515-540 |
| ပဲတီစိမ်း | FAQ (အညာ) | 670-710 | 670-710 | 670-710 | 670-710 |
| | FAQ (ပခုက္ကူ) | 650-680 | 650-680 | 650-680 | 650-680 |
| | ရွှေဝါအသေး (Under 3.5 mm) | 850-880 | 850-880 | 850-880 | 850-880 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 950-1000 | 950-1000 | 950-1000 | 950-1000 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 840-890 | 840-890 | 840-890 | 840-890 |
| | အခွံပါအလုံးသေးအခြမ်း (ပခုက္ကူ) | 815-850 | 815-850 | 815-850 | 815-850 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 895-950 | 895-950 | 895-950 | 895-950 |
| | အခွံချွတ်အလုံးသေးအခြမ်း (ပခုက္ကူ) | 870-910 | 870-910 | 870-910 | 870-910 |
| | အခွံချွတ်အလုံးကြီးအခြမ်း (ပခုက္ကူ) | 950-1000 | 950-1000 | 950-1000 | 950-1000 |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 460-480 | 480-500 | 570-590 | 560-580 |
| | ဖြူနီ (FAQ) | 460-480 | 480-500 | 570-590 | 560-580 |
| | အဖြူ (FAQ) | 460-480 | 480-500 | 570-590 | 560-580 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 460-480 | 480-500 | 510-530 | 490-510 |
| | ဖြူနီ (FAQ) | 460-480 | 480-500 | 510-530 | 490-510 |
| | အဖြူ (FAQ) | 460-480 | 480-500 | 510-530 | 490-510 |
| ကုလားပဲဖြူလုံးကြီး | FAQ | 500-550 | 500-550 | 530-550 | 530-550 |
| | အခွံချွတ်အခြမ်း | 670-735 | 670-735 | 710-735 | 710-735 |
| ပဲလွန်းဖြူ | FAQ | 420-460 | 420-460 | 430-460 | 430-460 |
| | SQ (12.5 ဇကာ) | 620-660 | 620-660 | 590-610 | 590-610 |
| ပဲလွန်းနီ | FAQ | 550-590 | 550-590 | 550-590 | 550-590 |
| မြေထောက်ပဲ | FAQ | 1010-1040 | 970-1000 | 890-910 | 890-910 |
| | အခွံချွတ်အခြမ်း | 1265-1300 | 1215-1250 | 1115-1140 | 1115-1140 |
| | အခွံပါအခြမ်း | 1065-1095 | 1025-1055 | 940-960 | 940-960 |
| ပဲထောပတ် | FAQ | 1000-1030 | 1000-1030 | 950-1000 | 950-1000 |
| | အခွံချွတ်အခြမ်း | 900-950 | 900-950 | 900-950 | 900-950 |
| | အခွံပါအခြမ်း | 1055-1085 | 1055-1085 | 1000-1055 | 1000-1055 |
| ပြောင်း | | 180-215 | 180-215 | 180-215 | 180-215 |
| နှမ်းဖြူ | | 1400-1500 | 1400-1500 | 1400-1500 | 1400-1500 |
| နှမ်းနက် (စမုံ) | | 2100-2200 | 2100-2200 | 2100-2200 | 2100-2200 |
| နှမ်းမှုန် | | 1600-1700 | 1600-1700 | 1600-1700 | 1600-1700 |
| နှမ်းညို | | 1250-1300 | 1250-1300 | 1250-1300 | 1250-1300 |
| နှမ်းနက် (ရှီးရှီး) | | 1200-1250 | 1200-1250 | 1200-1250 | 1200-1250 |
| ပဲကြီး | | 650-700 | 650-700 | 650-700 | 650-700 |
| ပဲယင်း | | 550-580 | 550-580 | 550-580 | 550-580 |
| ဘိုကိတ် | | 400-430 | 400-430 | 400-430 | 400-430 |

Source: e trade Myanmar

# နိုင်ငံတကာ ဈေးနှုန်းများ (FOB)

## ၂၀၁၉၊ ဇန်နဝါရီလ  အတွင်း အိန္ဒိယနိုင်ငံ ပဲဈေးနှုန်း

| No | Date | မတ်ပဲ Mumbai | ပဲစင်းငုံ Mumbai |
|---|---|---|---|
| 1 | 2.1.19 | 639 | 646 |
| 2 | 3.1.19 | 639 | 657 |
| 3 | 7.1.19 | 649 | 674 |
| 4 | 8.1.19 | 635 | 663 |
| 5 | 9.1.19 | 625 | 650 |
| 6 | 10.1.19 | 631 | 652 |
| 7 | 11.1.19 | 639 | 653 |
| 8 | 14.1.19 | 637 | 661 |
| 9 | 15.1.19 | 627 | 659 |
| 10 | 16.1.19 | 626 | 665 |
| 11 | 17.1.19 | 610 | 666 |
| 12 | 18.1.19 | 619 | 675 |
| 13 | 21.1.19 | 620 | 687 |
| 14 | 22.1.19 | 617 | 680 |
| 15 | 23.1.19 | 618 | 680 |
| 16 | 24.1.19 | 610 | 666 |
| 17 | 25.1.19 | 612 | 661 |
| 18 | 28.1.19 | 619 | 676 |
| 19 | 29.1.19 | 612 | 671 |
| 20 | 30.1.19 | 610 | 681 |
| 21 | 31.1.19 | 620 | 697 |

Source: e trade Myanmar

## ၂၀၁၉၊ ဇန်နဝါရီလ အတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil (USD/bbl) | Bernt Curde Oil (USD / bbl) | RBoB Gasoline (Usd/ gal) | Narural Gas USD/ MMBtu) | Heading Oil (Usd/ gal) |
|---|---|---|---|---|---|---|
| 1 | 2.1.19 | 45.36 | 53.52 | 129.76 | 3.02 | 166.91 |
| 2 | 3.1.19 | 45.77 | 54.53 | 131.17 | 2.94 | 169.42 |
| 3 | 7.1.19 | 48.63 | 57.71 | 136.83 | 2.93 | 178.86 |
| 4 | 8.1.19 | 48.78 | 57.62 | 135.00 | 2.97 | 178.72 |
| 5 | 9.1.19 | 50.53 | 59.44 | 138.38 | 3.00 | 183.78 |
| 6 | 10.1.19 | 51.87 | 60.97 | 142.15 | 2.99 | 187.50 |
| 7 | 11.1.19 | 52.52 | 61.54 | 142.62 | 3.02 | 189.91 |
| 8 | 14.1.19 | 51.13 | 59.96 | 139.87 | 3.29 | 184.84 |
| 9 | 15.1.19 | 51.14 | 59.71 | 138.39 | 3.68 | 186.76 |
| 10 | 16.1.19 | 51.98 | 60.59 | 140.90 | 3.44 | 187.05 |
| 11 | 17.1.19 | 52.07 | 61.06 | 140.89 | 3.43 | 188.68 |
| 12 | 18.1.19 | 52.59 | 61.66 | 143.54 | 3.39 | 189.14 |
| 13 | 21.1.19 | 53.97 | 62.93 | 145.55 | 3.33 | 191.93 |
| 14 | 22.1.19 | 53.49 | 62.23 | 143.89 | 3.32 | 191.09 |
| 15 | 23.1.19 | 52.57 | 61.50 | 140.71 | 3.07 | 190.20 |
| 16 | 24.1.19 | 52.42 | 60.96 | 138.5 | 3.03 | 188.32 |
| 17 | 25.1.19 | 53.81 | 61.78 | 140.07 | 3.17 | 190.17 |
| 18 | 28.1.19 | 53.37 | 61.41 | 138.78 | 2.92 | 188.55 |
| 19 | 29.1.19 | 52.19 | 60.10 | 133.05 | 2.92 | 184.55 |
| 20 | 30.1.19 | 53.47 | 61.53 | 135.07 | 2.95 | 190.01 |
| 21 | 31.1.19 | 54.57 | 62.17 | 138.23 | 2.88 | 189.84 |

Source: Bloomberg Commodities

## ၂၀၁၉၊ ဇန်နဝါရီလ အတွင်း ရော်ဘာဈေးနှုန်း

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | Jan 2 2019 | 93.63 | * | 177.85 | * | 129.25 |
| 2 | Jan 3 2019 | 94.12 | * | * | * | 131.45 |
| 3 | Jan 7 2019 | 96.78 | * | 179.20 | * | 136.50 |
| 4 | Jan 8 2019 | 98.42 | * | 177.80 | * | 138.90 |
| 5 | Jan 9 2019 | 99.28 | * | 177.45 | * | 140.90 |
| 6 | Jan 10 2019 | 98.86 | * | 177.25 | * | 138.10 |
| 7 | Jan 11 2019 | 98.94 | * | 177.35 | * | 137.95 |
| 8 | Jan 14 2019 | 98.27 | * | 176.50 | * | 135.20 |
| 9 | Jan 15 2019 | 97.84 | * | 176.00 | * | 135.25 |
| 10 | Jan 16 2019 | 97.89 | * | 175.60 | * | 136.10 |
| 11 | Jan 17 2019 | 97.16 | * | 175.20 | * | 135.10 |
| 12 | Jan 18 2019 | 97.36 | * | 175.70 | * | 135.65 |
| 13 | Jan 21 2019 | * | * | 175.10 | * | * |
| 14 | Jan 22 2019 | 97.76 | * | 175.15 | * | 137.20 |
| 15 | Jan 23 2019 | 96.46 | * | 174.45 | * | 134.30 |
| 16 | Jan 24 2019 | 96.41 | * | 174.65 | * | 134.35 |
| 17 | an 25 2019 | 96.00 | * | 175.10 | * | 134.10 |
| 18 | Jan 28 2019 | 96.96 | * | 175.00 | * | 134.40 |
| 19 | Jan 29 2019 | 96.15 | * | 174.40 | * | 133.05 |
| 20 | Jan 30 2019 | 96.57 | * | 174.05 | * | 133.75 |
| 21 | Jan 31 2019 | * | * | * | * | * |

Source: Association of natural rubber producting countries

## ရွှေဈေးနှုန်းအခြေအနေ


## ၂၀၁၉၊ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (US$) နှင့် မြန်မာရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 2.1.19 | 1286 | 1287 | 1044000 | 1045000 |
| 2 | 3.1.19 | 1291 | 1293 | 1048000 | 1048000 |
| 3 | 7.1.19 | 1291 | 1293 | 1048500 | 1048500 |
| 4 | 8.1.19 | 1287 | 1289 | 1046000 | 1045800 |
| 5 | 9.1.19 | 1285 | 1287 | 1044000 | 1043500 |
| 6 | 10.1.19 | 1298 | 1300 | 1048500 | 1049000 |
| 7 | 11.1.19 | 1294 | 1295 | 1045000 | 1044800 |
| 8 | 14.1.19 | 1293 | 1295 | 1045500 | 1045500 |
| 9 | 15.1.19 | 1293 | 1295 | 1047000 | 1047000 |
| 10 | 16.1.19 | 1290 | 1292 | 1048500 | 1049000 |
| 11 | 17.1.19 | 1294 | 1296 | 1052000 | 1052500 |
| 12 | 18.1.19 | 1294 | 1295 | 1054500 | 1055000 |
| 13 | 21.1.19 | 1283 | 1286 | 1051500 | 1052000 |
| 14 | 22.1.19 | 1280 | 1280 | 1055500 | 1055000 |
| 15 | 23.1.19 | 1286 | 1288 | 1053500 | 1053600 |
| 16 | 24.1.19 | 1285 | 1286 | 1053000 | 1053000 |
| 17 | 25.1.19 | 1284 | 1286 | 1052800 | 1052500 |
| 18 | 28.1.19 | 1306 | 1306 | 1058000 | 1057900 |
| 19 | 29.1.19 | 1305 | 1306 | 1058000 | 1057900 |
| 20 | 30.1.19 | 1315 | 1316 | 1058000 | 1058000 |
| 21 | 31.1.19 | 1321 | 1323 | 1062000 | 1062200 |

Source: Bullionvault, etrademyanmar

## ၂၀၁၉၊ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (US$)

| | London | New York |
|---|---|---|
| 2.1.19 | 1286 | 1287 |
| 3.1.19 | 1291 | 1293 |
| 7.1.19 | 1291 | 1293 |
| 8.1.19 | 1287 | 1289 |
| 9.1.19 | 1285 | 1287 |
| 10.1.19 | 1298 | 1300 |
| 11.1.19 | 1294 | 1295 |
| 14.1.19 | 1293 | 1295 |
| 15.1.19 | 1293 | 1295 |
| 16.1.19 | 1290 | 1292 |
| 17.1.19 | 1294 | 1296 |
| 18.1.19 | 1294 | 1295 |
| 21.1.19 | 1283 | 1286 |
| 22.1.19 | 1280 | 1280 |
| 23.1.19 | 1286 | 1288 |
| 24.1.19 | 1285 | 1286 |
| 25.1.19 | 1284 | 1286 |
| 28.1.19 | 1306 | 1306 |
| 29.1.19 | 1305 | 1306 |
| 30.1.19 | 1315 | 1316 |
| 31.1.19 | 1321 | 1323 |




Source: e trade Myanmar

## ၂၀၁၉၊ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.1.19 | 1546.0 | 47.786 | 224.76 | 1133.6 | 22.260 | 1410.0 |
| 2 | 3.1.19 | 1542.0 | 47.755 | 224.72 | 1128.2 | 22.029 | 1432.5 |
| 3 | 7.1.19 | 1540.0 | 48.170 | 224.19 | 1133.1 | 22.142 | 1419.6 |
| 4 | 8.1.19 | 1537.0 | 48.076 | 224.35 | 1133.1 | 22.019 | 1415.5 |
| 5 | 9.1.19 | 1537.0 | 47.994 | 224.27 | 1132.4 | 21.931 | 1413.1 |
| 6 | 10.1.19 | 1534.0 | 48.028 | 225.04 | 1133.6 | 21.747 | 1421.0 |
| 7 | 11.1.19 | 1531.0 | 47.911 | 225.53 | 1132.7 | 21.731 | 1412.8 |
| 8 | 14.1.19 | 1526.0 | 47.785 | 225.64 | 1128.1 | 21.677 | 1407.2 |
| 9 | 15.1.19 | 1522.0 | 47.682 | 224.88 | 1125.4 | 21.509 | 1404.9 |
| 10 | 16.1.19 | 1519.0 | 47.573 | 224.67 | 1120.7 | 21.361 | 1399.4 |
| 11 | 17.1.19 | 1524.0 | 48.106 | 225.55 | 1124.4 | 21.471 | 1399.3 |
| 12 | 18.1.19 | 1538.0 | 48.517 | 226.96 | 1134.7 | 21.650 | 1406.9 |
| 13 | 21.1.19 | 1544.0 | 48.676 | 227.6 | 1137.1 | 21.672 | 1407.9 |
| 14 | 22.1.19 | 1538.0 | 48.395 | 226.22 | 1131.7 | 21.607 | 1402.8 |
| 15 | 23.1.19 | 1540.0 | 48.535 | 226.50 | 1132.8 | 21.632 | 1404.5 |
| 16 | 24.1.19 | 1537.0 | 48.501 | 226.44 | 1131.4 | 21.599 | 1404 |
| 17 | 25.1.19 | 1532.0 | 48.351 | 225.68 | 1126.4 | 21.565 | 1395.7 |
| 18 | 28.1.19 | 1533.0 | 48.682 | 227.67 | 1134.0 | 21.620 | 1400.7 |
| 19 | 29.1.19 | 1526.0 | 48.329 | 226.14 | 1127.2 | 21.460 | 1397.4 |
| 20 | 30.1.19 | 1522.0 | 48.448 | 226.61 | 1126.5 | 21.307 | 1393.1 |
| 21 | 31.1.19 | 1518.0 | 48.560 | 226.51 | 1126.8 | 21.310 | 1393.7 |

Source: Central Bank of Myanmar